စိတ်ကူးချိုချိုအနုပညာ



# တက္ကသိုလ်နန္ဒမိတ်

ခင်ဦးစားငချစ်ညို

ဝတ္ထုတိုများ



ပြာပုံမင်းသား
မောင်ကြီးနှမ
မောင်ကြီးနန္ဒာ
ခင်ဦးစား ချစ်ညို
ရနောင်မောင်မောင်တုတ်

SHS0018
1,200.00 KS

ရသခန်းသာ ရွှေသီရာ

# ခင်ဦးစား ငချစ်ညို

## ဝတ္ထုတိုများ

## တက္ကသိုလ်နန္ဒမိတ်

၂၀ ရာစုအလယ်တစ်ဝိုက် မြန်မာမဂ္ဂဇင်းများမှ
ထင်ရှားခဲ့သော မြန်မာဝတ္ထုတိုဆရာများ၏ လက်ရာမွန်များ
အမှတ်တရစုစည်းသည့် အစီအစဉ်။

ပထမအကြိမ်၊ ၂၀၁၉

ခင်ဦးစား ချစ်ညို့ ဝတ္ထုတိုများ။ တက္ကသိုလ်နန္ဒမိတ်
မျက်နှာဖုံးသန့်ချို - တော်တီဒေဇွ
စာမျက်နှာ ၇၃ + မျက်နှာ၊ ၁၃ စင်တီ× ၁၉ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၇၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်မာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုဓိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဩဂုတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

## မာတိကာ


| | | |
|---|---|---|
| - | တက္ကသိုလ်နန္ဒမိတ်၏ ကိုယ်ရေးအကျဉ်း | (က) |
| ၁။ | ပြာပုံမင်းသား | ၁ |
| ၂။ | မောင်ကြီး နမ | ၂၀ |
| ၃။ | မောင်ကြီးနန္ဒာ | ၄၀ |
| ၄။ | ခင်ဦးစား ငချစ်ညို | ၆၀ |
| ၅။ | ရနောင်မောင်မောင်တုတ် | ၇၀ |


❐



**တက္ကသိုလ် နန္ဒမိတ်**
**(၁၉၂၃-၁၉၈၆)**

သံတွဲခရိုင်၊ တောင်ကုတ်ဇာတိ။ ၁၉၂၃ ဖွား။ အဖမြို့ပိုင် ဦးမောင်မောင်ကြီး၊ အမိဒေါ်ရွှေ။ မွေးချင်းသုံးဦးတွင် အကြီးဆုံး။ အမည်ရင်း ဦးတင်အောင်။

၁၉၄၆ တွင် သံတွဲအစိုးရအထက်တန်းကျောင်းမှ အင်္ဂလိပ်စာဂုဏ်ထူးဖြင့် ဆယ်တန်းအောင်သည်။ ရန်ကုန်တက္ကသိုလ်၌ ဆက်လက်ပညာသင်သည်။ ၁၉၅၀ တွင် ဝိဇ္ဇာတန်းမှထွက်သည်။

ဂျပန်ခေတ်က ဦးကျော်ရင်တို့နှင့်အတူ ဂျပန်တော်လှန်ရေးလုပ်သည်။ ကျောင်းမှ ထွက်သောအခါ **တိုးတက်ရေး**သတင်းစာ၌ အယ်ဒီတာလုပ်သည်။ ၁၉၅၃တွင် ဝါးခယ်မ၌ အထက်တန်းပြဆရာ လုပ်သည်။ ထို့နောက် **ရောင်ခြည်** ဂျာနယ်၊ **မြဝတီ**မဂ္ဂဇင်း၊ **ရုပ်ရှင်ပဒေသာ** မဂ္ဂဇင်း၊ **နဝဒေး**မဂ္ဂဇင်းနှင့် **စုံထောက်** မဂ္ဂဇင်းတို့တွင် အယ်ဒီတာလုပ်ခဲ့သည်။ .

**နန္ဒာပုလဲ** (၁၉၅၀)၊ **မြဝတီစစ်ကြောင်း** ဝတ္ထုများကို ရေးခဲ့သည်။ **စာရေးချင်သူများသို့** (၁၉၆၀) အမည်ရှိ စာပေဆိုင်ရာ ကျမ်းတစ်စောင်ကိုလည်း ရေးခဲ့သည်။ ဝီလျံဆလင်း၏ **ဒဖီအင်တူ ဗစ်ထရီ** ကိုလည်း **မြန်မာပြည်စစ်မြေပြင်** အမည်ဖြင့် ဘာသာပြန်ခဲ့သည်။

၁၉၈၆၊ နိုဝင်ဘာ ၁၅ တွင် ကွယ်လွန်သည်။ ။

## ပြာပုံမင်းသား

### (၁)

ကိုတောလူသည် ကျူဖျာပေါ်တွင် ကျောခင်းကာ ပက်လက်လှန်နေ၏။ သူ့အနီးတွင်ကား မြခင်သည် မီးလောင်၍ တစ်ပိုင်းတစ်စ တစ်ဝက်တစ်ပျက် ကျန်နေသော စာအုပ်များကို တစ်အုပ်စီ တစ်အုပ်စီ ရှင်းထုတ်နေလေသည်။

"အင်း... ကျုပ်တို့လည်း ဘာလိုလိုနဲ့ သွပ်ရှင်တကာရွတ်ပိ ဖြစ်နေပြီ..."

ကိုတောလူက အပေါ်မှ မိုးထားသော မီးလောင်သွပ်ပြားများကို ကြည့်ရင်း ပြောလိုက်၏။

"သွပ်ရှင်တကာရွတ်ပိလို့ ကြားပဲ မကြားဖူးပေါင်တော်...."

မြခင် ချွေးပြန်နေသော မျက်နှာကို အကျႌလက်စနှင့် သုတ်နေရာမှ ကိုတောလူဘက်သို့ မျက်စောင်းတစ်ချက်ထိုးကာ ခပ်ဆတ်ဆတ် ပြောလိုက်သောကြောင့်...

"ဟဲ့... ဟိုရာဇဝင်ထဲမှာ ပါတာက သုရှင်တကာရွတ်ပိ၊ ခု တို့ဖြစ်နေတာက သွပ်ရှင်တကာရွတ်ပိ..."

"ပြောရော့မယ်…၊ ဘာဖြစ်လို့များ သွပ်ရှင်တကာ ရွတ်ပိ ဖြစ်နေရပြန်တာလဲ…."

ကိုတောလူက သူ၏ ရှည်လျားသော ခါးကြီးကို တွန့်လိမ်လိုက်ပြီး…

"တို့က သူများသွပ်တွေ ယူပြီး ကိုယ့်ဟာလိုလိုနဲ့ မိုးထားလို့ပေါ့…"

"တစ်ရပ်တစ်ရွာလုံး မီးလောင်နေတာ ကိုယ့်ဟာ သူ့ဟာ ဘယ်ခွဲနေနိုင်ပါ့မလဲတော်၊ ခုတောင် ဒီမီးလောင်သွပ်ပြားကလေးတွေရလို့ မိုးနေရတာ၊ နို့မို့ဆိုရင်…"

မြခင်က စကားကို တစ်ပိုင်းတစ်စနှင့်ရပ်ထားပြီး စာအုပ်များကို ဆက်၍ ရှင်းနေ၏။

"အင်း…. ဒါနဲ့ မိန်းမရေ၊ မနေ့က တို့အိမ်မီးလောင်တာ ငါတော့ ဘာပစ္စည်းမှ မနမြောဘူး။ ဟိုဟာကလေးသာ…. တောက်…"

ကိုတောလူက တောက်တစ်ချက်ခေါက်လိုက်ပြီး ညည်းညည်းညူညူ ပြောလိုက်သောကြောင့် မြခင်က…

"တော်က ဘာနမြောမလဲ၊ တော့်ပစ္စည်းမှ မဟုတ်တာ…"

"ဟာ… ဒီလိုမပြောပါနဲ့ မြခင်ရ၊ ငါ့ဆရာ ပစ္စည်း ငါ့ပစ္စည်းပေါ့၊ ဒါပေမဲ့ ပစ္စည်းသခင်ရ၊ လူသခင်ရဆို မဟုတ်လား"

"အမယ်… လူပုံ ဖိနပ်ကြားက နတ်စကားပြော ဆိုတာမျိုး ပြောမနေစမ်းပါနဲ့ ကိုတောလူရဲ့၊ တော်နမြောတယ်ဆိုတဲ့ ပစ္စည်း ကျုပ် သိပါတယ်။"

"အေး… သိရင်လည်း ငါနဲ့ အတူတူလိုက်ပြီး နမြောစမ်းပါ မြခင်ရ၊ ကျိုက်ကလားက ငါကိုယ်တိုင် သွားဝယ်တဲ့ မီးတောက် ချက်အရက်ကလေး မီးထဲ ပါသွားတာတော့ ငါ ဘယ်လိုမှ ဖြေလို့ မပြေဘူး။"



"တော်စမ်းပါတော်၊ တောက်တီးတောက်တဲ့တွေ လျှောက်ပြော မနေစမ်းပါနဲ့၊ ဒီမှာ ဆရာ့စာအုပ်တွေ မီးထဲ ပါသွားတာ ဘယ်လောက် နှမြောဖို့ ကောင်းသလဲ၊ သူ့ခမျာ တရိုတသေ ရှာဖွေ စုဆောင်းထား ရတာ..."

မြခင်က အပေါ်ပိုင်းလောက်သာ မီးကျွမ်းရုံကျွမ်းထားသော စာအုပ်တစ်အုပ်ကို လျှောက်လှန်ရင်း ပြောလိုက်၏။ ကိုတောလူက အပျင်းဆန့်လိုက်ပြီး...

"ကဲ... ကျုပ်ကို အပြစ်တင်မနေစမ်းပါနဲ့ မယ်မင်းကြီးမရဲ့၊ ကျုပ်က ကျုပ်ကြိုက်တတ်တဲ့ အရည်ကလေးမို့ နမြောမိတာ..."

"လာပြန်ပြီလား... ဒီအရည်အကြောင်း၊ တော် မနေ့ကပဲ ဟို ဆရာဝန်ဆီ သွားသေးတယ် မဟုတ်လား၊ တော့်ကို အရက်မသောက်ရဘူးလို့ ပြောလိုက်တယ်ဆို..."

"အမယ် မသောက်ရဘူးလို့ မပြောပါဘူး မြခင်ရ၊ ငါ့ကို အရက်သောက်လို့ ဘယ်လို ရောဂါရတယ်ဆိုတာ သူ့လူနာတွေဆီ ခေါ်ပြီး ပြတာပါပဲ။ အင်း... ဆရာဝန်ကလည်း သူ့ကိုယ်သူ သိကြားမင်းကြီး များ ထင်နေသလား မသိဘူး။ အလောင်းတော် ငတောလူကို ဆေးရုံ ခေါ်ပြီး နိမိတ်ကြီးလေးပါး ပြလိုက်တယ်။ သူလျှာရှည်နေတာနဲ့ပေါ့ မြခင်ရ၊ တို့အိမ်မီးလောင်တာတောင် ငါ မသိလိုက်ရတာ...."

"ဆရာဝန် အပြစ်လွှဲချမနေပါနဲ့။ ဆရာဝန်ဆီက အိမ်ကို တန်းတန်း မတ်မတ် ပြန်လာရင် အိမ်က ပစ္စည်း ဘာကလေး၊ ညာကလေး သယ်ဖို့ အချိန်ရဦးမယ်၊ ခုတော့ လမ်းမှာ အရက် ဝင်သောက်နေတာကို...။ အိမ်ပြာဖြစ်မှ ရောက်လာတော့တယ်..."

"မြခင်ကလည်း ပြောရှာ့မယ်၊ ငါအိမ်ကို တန်းတန်းမတ်မတ် ပြန်လာတာပါပဲ မြခင်ရ၊ နင်လည်း အသိသားနဲ့ဟာ ငါအိမ်ပြန်ရင် တန်းပြန်တာချည်းပဲ မဟုတ်လား..."

"သူ့ပြောလိုက်ရင် ဒါမျိုးချည်းပဲ၊ ဘယ်တော့မှ အကောင်း မပြောဘူး"

မြခင်က ပြောပြောဆိုဆို လက်ထဲမှ စာအုပ်နှင့် ကိုတောလူကို လှမ်းပေါက်လိုက်၏။ ကိုတောလူက ၃၂ ချောင်းသော သွားများကို အကုန်ဖြဲရင်း....

"အင်း... မိန်းမကတော့ လုပ်လိုက်ရင် ဆတ်ခနဲ၊ ဂွပ်ခနဲပဲ။ အဲဒါ

တွေကြောင့် ဟောဒီက မောင်မောင်က ချစ်ရတာ" ဟု ပြောလိုက်သော ကြောင့် မြခင်က ကိုတောလူ၏စကားကို မကြားသလို စာအုပ်ပုံကိုသာ ဆက်၍ ရှင်းနေလေသည်။

ကိုတောလူသည် မြခင်ကောက်၍ ပေါက်လိုက်သော စာအုပ်ကို ဟိုလှန် သည်လှန်လုပ်နေရာမှ မြခင်ဘက်သို့ လှည့်ပြီး...

"မြခင်... မြခင်... ဟောဒီမှာ နားထောင်စမ်း...၊ ဆေးလိပ်လက် ဆောင်တဲ့၊ ခေါင်းစဉ်တပ်ထားတယ်"

မြခင်ကမူ နားမရှိသလို ကိုတောလူဘက်သို့ လှည့်၍ပင် မကြည့်။

"အဟမ်း... အဟမ်း..." ကိုတောလူက ချောင်းတစ်ချက် ရှင်း လိုက်ကာ...

"မဝယ်ဘူး... မယ်ခူးတဲ့ ဖက်စို.... တဲ့၊ အမယ် ဒီဟာ မှားနေ တာပေါ့၊ မဝယ်ဘူး အလကားရတဲ့ဖက်စို ဆိုမှ မှန်တယ်။ အဲ... အဲ... နောက်တစ်ပိုဒ်က လာပြန်သေး။ မီးမကူ နေပူမှာ မကင်အားလို့၊ ထား ရတယ် အိပ်ရာအောက်မှာ မင်းသောက်ဖို့ကို... တဲ့။ အင်း... ဒါလည်း မှားတာပဲ။ မီးမကူ နေပူမှာ မကင်အားလို့၊ ထားရတယ် ထဘီအောက် မှာ နင်သောက်ဖို့ကိုလို့ ဖြစ်သင့်တယ် မဟုတ်ဘူးလား၊ မြခင်တို့တော့ အီဖေကိုယ်တို့သောက်ဖို့ ဆေးလိပ်ကို အနံ့အသက်ကောင်းအောင် ဆိုပြီး ထဘီအောက်မှာထားတာပဲ မြင်ဖူးတာပဲ..."

"ကိုတောလူ...၊ တော် တွေ့ကရာတွေ ပြောမနေစမ်းနဲ့..."

မြခင်က ကိုတောလူကို ကျောပေး၍ ထိုင်နေရာမှ ကိုတောလူ ဘက်သို့ မျက်နှာလှည့်လာလေသည်။ ကိုတောလူက တဟဲဟဲ ရယ် လိုက်ပြီး...

"ကိုင်း... ဆက်ပြီး နားထောင်ဦး၊ ဟောဒီမှာ ညှာအနား ရှေ့သွား

နဲ့ ကိုက်လို့တို မချိုတောင့် လိပ်ဆေးတဲ့။ ဟော... မှားပြန်ပြီ၊ ညာ အနား၊ ဖဝါးနဲ့ ပေါက်လို့... တို၊ မချိုတဲ့လိပ်ဆေး... ဆိုမှ မှန်မယ်"

မြခင်က ဘာမှ ပြန်မပြောဘဲ ငြိမ်နေလေသည်။ ကိုတောလူက ဆက်ကာ...

"ပိုးမကူ၊ ဝါချည်ဖြူတစ်ပင်ရစ်ကယ်နှင့် ငယ်ချစ်မောင် ရွှေဝသွားကို ပါးလိုက်ကဲ့လေး... တဲ့။ ဟဲ... ဟဲ... ဒါလည်း သိပ်နေရာမကျသေးဘူး။ ပိုးမကူ၊ ဝါချည်ဖြူတစ်ပင်ရစ်ကယ်နှင့်၊ ငါချစ်တဲ့ အကောင် သေနာကျကို ဆို့လိုက်ရဲ့ အပင်းဆိုမှ ပိုပြီး အရသာရှိမယ်"

ကိုတောလူက ပါးစပ်ကြီးကို ဖြဲ၍ တဟဲဟဲရယ်နေစဉ် မြခင်က ထိုင်နေရာမှ ထလာကာ ကိုတောလူ၏ ကျောပြင်ကိုင်းကိုင်းကို ပတ်ဝိုင်းတီးသကဲ့သို့ တီးလိုက်၏။

ကျွန်တော်က မီးလောင်ငုတ်တို တစ်ခုကိုမှီရင်းကိုတောလူနှင့် မြခင်တို့ ဖြစ်ပျက်ပုံကို သဘောကျနေမိသည်။

(၂)

နေရာကား မဟာရန်ကုန်အဆင့်အတန်းသို့ တုန်တုန်ချည့်ချည့်နှင့် တက်လှမ်းနေရသော ရန်ကုန်မြို့၊ ထိုရန်ကုန်မြို့တွင် အပါအဝင်ဖြစ်သော ကမာရွတ်၊ ထိုကမာရွတ်တွင် ဖွတ်တရွတ်ပါဝင်သော ရှောက်ပင်ခြံရပ်ကွက်၊ ထိုရှောက်ပင်ခြံရပ်ကွက်တွင် တွယ်ကပ်လျက်ရှိသော မင်္ဂလာလမ်း၊ ထိုမင်္ဂလာလမ်းဟုအမည်ပေးထားသော မင်္ဂလာမရှိသည့် လမ်းတွင် တစ်ထီးတစ်နန်း စံမြန်းနေခဲ့သော ကျွန်တော်၏ အိမ်နေရာမြေကွက်။

အချိန်ကား သီပေါမင်း ပါတော်မူပြီးနောက် နှစ်ပေါင်း ( ) အကြာ၊ ၁၉၅၇ ခု၊ ဧပြီလ ၉ ရက်။ မှတ်ချက်၊ ကွင်းထဲမှ ဂဏန်းများကို သမိုင်းကော်မရှင်မှ ဆရာများ ဖြည့်စွက်ရန် ချန်ထားခဲ့သည်။

ရှခင်း၊ ဖင်အောက် ဘယ်ညာကြည့်ရာရာတွင် ပြာပုံအတိပြည့် သော မီးလောင်မြေ...။

သီပေါမင်းပါတော်မူပြီးနောက် နှစ်ပေါင်း ( ) နှစ်အကြာ၊ ၁၉၅၇ ခု၊ ဧပြီလ ၈ ရက်နေ့၌ ကြည့်မြင်တိုင် ဆင်မလိုက်၊ နှစ်ကျပ် တစ်မတ် (ယခု မီးလောင်ပြီးချိန်၌ နှစ်ကျပ်မတ်တင်းဖြစ်ချင် ဖြစ်နေ မည်။) ကွက်သစ်မှစ၍ လောင်လိုက်သော မီးသည် ကျွန်တော်တို့ နေ ထိုင်ရာ ရှောက်ပင်ခြံရပ်ကွက်သို့ ထဘီနီရဲရဲကို ဝတ်ဆင်၍ လွန်ဆွဲရန် ရောက်လာသောကြောင့် ကျွန်တော်တို့သည် ဆောက်လုပ်ပြီးစ အသစ် စက်စက် အိမ်ကလေးကို လက်လွှတ်၍ ဖဝါးနှင့် တင်ပါး တစ်သား တည်း နေအောင် ကိုယ်လွတ်ရုန်း၍ ထွက်ပြေးခဲ့ကြရသည်။

ဤကဲ့သို့ ထွက်ပြေးလာခဲ့ကြရပြီးနောက် နောက်တစ်ရက် ဧပြီလ ၉ ရက်နေ့တွင် ကျွန်တော်တို့ အိမ်နေရာ မီးလောင်ပြင်၌ မီးလောင်သွပ်ကို မိုး၊ ဝါးရိုးကို တိုင်ထူ၊ ဥက္ကဋ္ဌကြီး ဗိုလ်မှူးအောင်တို့ မီးဘေး ကယ်ဆယ် ရေးအဖွဲ့မှ ဝေငှသော ကျူဖျာကို ခင်း၍ သွပ်စုတ်တဲနန်းကို တည် ဆောက်ကြရ၏။

ကျွန်တော်တို့သည် ထိုသွပ်စုတ် တဲနန်းမှနေ၍ မီးဘေးကယ်ဆယ် ရေးအဖွဲ့မှ ဝေငှသော ထမင်းထုပ်ကို စားတော်ခေါ်ကာ သတင်းပလင်း နားထောင်ကြရသည်။

"မြေနေရာတွေ ပြန်မရတော့ဘူးတဲ့..."

မီးဘေးဒုက္ခသည် အချင်းချင်း ကြားလာသော သတင်းကို ဖောက်သည်ချကြ၏။ အထက်ပါ သတင်းမျိုးကို တစ်ဦးတစ်ယောက် က ပြောလိုက်လျှင် အိမ်ပြောင်၊ ပစ္စည်းပြောင်ဖြစ်ကာ ဆီးရွက်လောက် သာ ရှိသော မီးဘေးဒုက္ခသည်တို့၏ မျက်နှာမှာ ဆီးစေ့လောက် ထပ်၍ ငယ်သွားကြသည်။ ဤတွင် မျှော်လင့်ချက်မကုန်သေးဟန်တူသော လူ

တစ်ယောက်က...

"ဟာ... မဟုတ်တာပဲကွာ၊ ဒီမြေတွေဟာ သူဌေးပိုင်မြေတွေ၊ သူဌေးပိုင်မြေတွေကို အစိုးရက သိမ်းပြီး တို့လို မရှိဆင်းရဲသားတွေ ပြန်ပြီး ဝေပေးမှာပေါ့။ အစိုးရက သူဌေးတွေကို အကျိုးပြုတဲ့ အစိုးရမှ မဟုတ်တာ..." ဟု စောဒက တက်လိုက်သောကြောင့် နောက်တစ်ယောက်က...

"အစိုးရက လယ်တွေတောင် သိမ်းပြီး လယ်သမားတွေ ဝေပေးနေသေးတာ၊ ဒီမြေတွေလည်း တို့ပြန်ပြီး ဝေပေးဖို့ သင့်တယ်။ သူဌေးတွေမှာ ကိုယ်ပိုင်မြေနဲ့ တိုက်နဲ့ ရှိပြီးသား၊ ဒီမြေတွေက ပိုက်ဆံပိုလို့ ဟိုခေတ်ကပဲ ပိုက်ဆံနည်းနည်းနဲ့ ဝယ်ထားတာတွေကွ။ နို့ပြီး သူတို့လည်း ဒီမြေပေါ်မှာ နေတာ မဟုတ်တော့ ဒီမြေပေါ်မှာနေခဲ့တဲ့ တို့ဆင်းရဲသားတွေကိုပဲ ပြန်ပေးမှာပဲ"

ဤတွင် မြေနေရာများ ပြန်မရတော့ဟု ပြောသော ပထမလူက...

"အမယ်.... ပြန်ပေးမယ်ဆိုပြီး ပြောနေလိုက်တာ ခင်ဗျားကိုယ်ခင်ဗျား ဝန်ကြီးချုပ်များ ထင်နေသလား၊ လူကဖြင့် ဆိုက်ကားတောင် မနင်းတတ်သေးဘဲနဲ့ ဝန်ကြီးချုပ်ဂိုက်ဖမ်းနေလိုက်တာ၊ ဆိုက်ကားသမားမှ ဝန်ကြီးချုပ်လောင်း ဖြစ်တာမောင်ရင်ရေ့ မှတ်ထား" ဟု မခံချင်အောင် စ,နေစဉ် တာလမ်းမကြီးပေါ်မှနေ၍ "မီးဘေးဒုက္ခသည်များ ခင်ဗျား၊ ရန်ကုန်မြို့ မာရဝါရီ ကုန်သည်ကြီးများအသင်းက ထမင်းထုပ်များ ဝေငှနေပါတယ်" ဟူသော အသံကို ကြားလိုက်ရသောကြောင့် စောစောက တစ်ယောက်တစ်ပေါက် လေကန်နေကြသူများသည် မီးလောင်စဉ်က ထွက်ပြေးခဲ့ရသဖြင့် ကျင့်သားရနေသော ခြေထောက်များနှင့် တာလမ်းမကြီးဆီသို့ သူ့ထက်ငါဦးအောင် သုတ်ခြေတင်သွားကြသည်ကို တွေ့လိုက်ရ၏။

ထိုလူစုလိုပင် တောဘုရားပွဲ၊ အလှူမင်္ဂလာမျာများ၌ ဘယ်အခါမှ လက်မနှေး၊ ခြေမနှေး၊ ပါးစပ်မနှေးခဲ့သော ကိုတောလူမှာ ချက်ဆိုလျှင် ချက်ကိုသာ သောက်နေသူဖြစ်သည့်အတိုင်း ထမင်းထုပ်တိုးရာတွင် နောက်မကျ အောက်မကျ ခဏအတွင်းတွင်ပင် ထမင်းထုပ်တစ်ပွေ့ကြီးကို ပိုက်ကာ ကျွန်တော်တို့၏ သွပ်စုတ်တဲနန်းသို့ ပြန်၍ ရောက်လာခဲ့လေသည်။

မြခင်က ကိုတောလူ တစ်ပွေ့ကြီး သယ်လာသော ထမင်းထုပ်များကို ထိုင်ရာမှထ၍ လှမ်းမယူသေးဘဲ–

"တော့်နှယ်တော်... ဒီလောက် ထမင်းထုပ်တွေ ဘာဖြစ်လို့ ယူလာရတာလဲ၊ တော်က ဒီလောက် ယူလာတော့ ဒို့ပြင်လူဖို့ ကျန်ပါဦးမလား" ဟု ဆီး၍ အပြစ်တင်လိုက်သောကြောင့် ကိုတောလူက သူ၏ တောင်ဆုပ်ခန့်ရှည်သော မျက်နှာကြီးကို လက်လေးသစ်အထိ ရှုံ့လိုက်ပြီး...

"လှမ်းယူမှာသာ ယူစမ်းပါ မြခင်ရာ...၊ လျှာရှည်မနေပါနဲ့၊ ငါက အားလုံး သူ ဝဝလင်လင် စားရအောင်ဆိုပြီး ယူလာခဲ့တာ၊ ဟိုမှာလည်း ထမင်းထုပ်တွေ အများကြီးပါဟဲ့" ဟု ပြောပြောဆိုဆို သူ့ရင်ခွင်ထဲမှ ထမင်းထုပ်များကို ထိုင်ရာမှ ထရန် ဟန်ပြင်နေသော မြခင်၏ ထဘီထဲသို့ သွန်ချလိုက်သောကြောင့်...

"ကိုတောလူ... တော် ဘယ်လို လုပ်လိုက်တာလဲ၊ ဒါ ထမင်းတော်ရဲ့... ထမင်း" ဟု မြခင်က ပျာပျာသလဲ ပြောလိုက်၏။ ကိုတောလူက တဟဲဟဲရယ်ရင်း...

"ခုနက ငါဖတ်ပြတဲ့ ကဗျာလိုပေါ့ မြခင်ရ၊ ဟိုကဗျာထဲမှာတော့ 'ထားရတယ် ထဘီအောက်မှာ နင်သောက်ဖို့ကို' လို့ ဆိုတယ် မဟုတ်လား။ ခုတော့ ထမင်းထုပ်ဆိုတော့ 'ထားရတယ် ထဘီနားမှာ နင်စားဖို့ကို' ဖြစ်ရမှာပေါ့၊ နင်က ထမင်းထုပ်တွေ နင့်ထဘီထဲ သွန်ထည့်

လိုက်လို့ ငရဲကြီးဖို့ ကြောက်မနေပါနဲ့ဟဲ့။ တရုတ်ပြေးမင်းဆိုတဲ့ ရှင်ဘုရင် တောင် သူ့မိန်းမက ပွဲတော်စာကို ထဘီနဲ့ သုံးခါအုပ်ပေးပြီးမှ စားသတဲ့၊ ရာဇဝင်ထဲမှာ နင် မကြားဖူးဘူးလား။ အဲဒါ တစ်ခါတုန်းကတော့ တရုတ်တွေလိုက်လို့ ပြေးရတာနဲ့ ပွဲတော်စာကို သူ့မိန်းမက ထဘီနဲ့အုပ်ဖို့ မေ့သွားတာနဲ့ ထမင်းဟာ အဆိပ်ဖြစ်ပြီး သေသွားရှာသတဲ့" ဟု လျှာရှည်နေပြန်လေသည်။

မြခင်က ထမင်းထုပ်များကို တစ်ခုစီဖြေ၍ ထမင်း သတ်သတ် ဟင်းသတ်သတ် ခွဲနေရာမှ "ကိုတောလူ... တော် လျှာရှည်မနေနဲ့၊ သွား... ရေခပ်ချေ" ဟု သံပြတ်နှင့် အမိန့်ပေးလိုက်၏။ ကိုတောလူသည် စကားကြောရှည်နေရာမှ ရပ်သွားပြီး မီးဘေးကယ်ဆယ်ရေးအဖွဲ့မှ ပေးသော ရေပုံးကို ဆွဲကာ ရေတွင်းရှိရာသို့ ထွက်သွားလေသည်။ ခဏကြာလျှင် ပင် ရေတွင်းဆီမှ ကိုတောလူ၏အသံကို ကြားရ၏။

"ဟော့ မြခင်...၊ ရေတွေက နောက်နေတယ်"

"ရေ နောက်နေတော့ ဘာဖြစ်သလဲ" မြခင်က ပြန်အော်လိုက်သည်။

"ရေတွေက နောက်နေတော့ ဘာဖြစ်ရမလဲ၊ ရယ်ချင်လာတာပေါ့..."

စူထားသော မြခင်၏ နှုတ်ခမ်းသည် မစူနိုင်တော့ဘဲ ပွင့်လာလေသည်။

"ကိုတောလူ မနောက်တဲ့ရေ ရှာခပ်ခဲ့"

"ဟာ.... မနောက်တဲ့ရေကို မရှိဘူး၊ ရေတွေအားလုံး ရွှေငါးတို့၊ ကြယ်ပြောင်တို့၊ ကြယ်နီတို့၊ မစိန်ခင်တို့ ဖြစ်ကုန်ပြီ"

"ဒါဖြင့် ခပ်ခဲ့... ခပ်ခဲ့...၊ ဒီရောက်မှ စစ်သောက်မယ်"

မြခင်က ကိုတောလူ တော်တော်နှင့် ပေါ်မလာနိုင်သောကြောင့်

ထမင်းပွဲကို စာအုပ်ပုံမှ စာရွက်အချို့ယူ၍ အုပ်ထားလိုက်၏။ အတော်ကြာသောအခါ ကိုတောလူသည် လက်တစ်ဖက်တွင် ရေပုံးကို ဆွဲလျက် ရောက်လာလေသည်။

## (၃)

ကိုတောလူသည် ရေနောက်နောက်တစ်ခွက်ကို မျက်စိမှိတ်၍ သောက်လိုက်ပြီးနောက် စားကြွင်းစားကျန်များကို သစ်ပင်ငုတ်တိုခြေရင်းတွင် သွန်ချလိုက်၏။

ရိက္ခာတော်ပြတ်သဖြင့် မတ်တတ်က လဲတော့မည့်နီပါးတို့၊ ရဲကျားတို့၊ ကြန်စုံတို့၊ ဂုတ်မတို့ ခွေးတစ်အုပ်သည် ရုတ်တရက် ဘယ်ချောင်က ထွက်လာသည် မသိ၊ ကိုတောလူ စားကြွင်း စားကျန် ပစ်သည့်နေရာသို့ တစ်ပြိုင်နက် ရောက်လာကြလေသည်။

ကိုတောလူသည် ခွေးပျို၊ ခွေးအို၊ ခွေးမုဆိုးဖို၊ ခွေးမုဆိုးမ၊ ခွေးတစ်ခုလပ်၊ ခွေးအပျိုဖျန်းတို့ ပါဝင်ဖွဲ့စည်းအပ်သော ခွေးအုပ်ကို စစ်သူကြီး မဟာဗန္ဓုလ၏ဂိုက်မျိုးဖြင့် လက်ပိုက်၍ ကြည့်လိုက်ပြီး...

"အို... ဟဲ့... ဟရို့... ခွေးနီပါးတို့၊ ရဲကျားတို့၊ ကြန်စုံမတို့၊ ဂုတ်မတို့..." ဟူသော အာလုပ်ကို ပြုလိုက်၏။ သို့သော် ခွေးအုပ်ကြီးမှာ လျှာတလျားလျား ထွက်အောင် ဆာလောင်နေကြသောကြောင့် ကိုတောလူ၏ အာလုပ်ကို အရေးမစိုက်နိုင်ဘဲ သစ်ပင်ငုတ်တို ခြေရင်းမှ ထမင်းကျန်–ဟင်းကျန်များကို အတင်းလုယက်၍ စားတော်ခေါ်နေကြလေသည်။

ကိုတောလူသည် ခဏမျှ လက်ပိုက်၍ ကြည့်နေပြီး သစ်ပင်ငုတ်တိုခြေရင်းတွင် ထမင်းကျန်၊ ဟင်းကျန်များပြောင်တလင်းခါသွားပြီဖြစ်၍ သူ့အနီးတွင် အမြီးတနန့်နန့်နှင့် ရှိနေသော ခွေးတပ်ပေါင်းစုအား

ထပ်မံ၍ ပဋိသန္ဓာရစကားမြွက်ကြားပြန်၏။

"အို… ဟဲ့… ဟရို့… ခွေးနီပါးတို့၊ ရဲကျားတို့၊ ကြန်စုံမတို့၊ ဂုတ်မတို့…"

ဤတစ်ကြိမ်တွင် ခွေးအုပ်ကြီးသည် ကိုတောလူအား ထမင်းရှင်၊ ဟင်းရှင်မှန်း အသိအမှတ်ပြုသည့် လက္ခဏာဖြင့် တစ်ပြိုင်နက် အူသံပေးလိုက်ကြ၏။ ကိုတောလူက အလွန်ကျေနပ်သောမျက်နှာဖြင့် ကျွန်တော်တို့ဘက်သို့ လှည့်ပြီး…

"အင်း… ကျုပ်တို့ရဲ့ ရာဇဌာနီ ကစော်နေပြည်တော်ကြီးဖြစ်သော ဆင်မလိုက်၊ ကွမ်းခြံ၊ စပယ်ခြံ၊ ရှောက်ပင်ခြံ၊ လှည်းတန်းတစ်ဝိုက်ကို ဘယ်သူ မီးတိုက်သလဲဆိုတာ သိရအောင် ဟောဒီက ခွေးတပ်ပေါင်းစုကို တပ်ချိုပြီး ရှာခိုင်းရရင် မနိပ်ဘူးလား" ဟုမေးလိုက်သောကြောင့် မြခင်က…

"ကိုတောလူက ကြံကြံဖန်ဖန် လုပ်ကရော့မယ်…၊ မီးတိုက်တာ မဟုတ်ဘူးတော့… မီးလောင်တာ…" ဟု ဟန့်လိုက်သော်လည်း ကိုတောလူက…

"တိုက်တိုက်… လောင်လောင်၊ တစ်ကောင်ကောင်တော့ တရားခံဖြစ်ရမှာပေါ့ကွာ… ဟုတ်ဘူးလား၊ ကဲ… ပြောနေကြာရော့…" ဟု ပြန်၍ စောဒကတက်ရင်း ခွေးတပ်ပေါင်းစုဘက်သို့ မျက်နှာမူလိုက်ကာ…

"အို… ဟဲ့… ဟရို့… ခွေးနီပါးတို့၊ ရဲကျားတို့၊ ကြန်စုံတို့၊ ဂုတ်မတို့…၊ နင်တို့သခင် ငါဘုန်းရှင်မှာ ခုပင် ယနေ့မီးဘေးနှင့် တွေ့ရပြီ။ တွေ့ရသည့်မီးဘေး ဘယ်သူမွေးသည်ဟု မနေ့အမြန် သိကြောင်းကို ဖန်ရအောင် တရားခံရှာကြရမည်"

ကိုတောလူက မဟာဇနကလစစ်သူကြီး၏ လေသံမျိုးနှင့် စစ်မိန့်ပေးနေလေသည်။ ကျွန်တော်၊ ကျွန်တော်၏ တပည့်ကလေးနှစ်ယောက်နှင့် မြခင်တို့က သူပြောသမျှ၊ ဆိုသမျှ၊ လုပ်သမျှကို ကြည့်နေကြရ၏။

ကိုတောလူသည် မီးလောင်ငုတ်တိုထိပ်တွင် သွပ်ကြိုးအဟောင်းတစ်ခုနှင့် ပတ်ထားသော ကျွန်တော့်မှတ်စုစာအုပ်မှ စာရွက်တစ်ရွက်ကို ဝန်ကြီးများ မိန့်ခွန်းပြောသည့်အခါ ကြည့်၍ ပြောသလို ခဏခဏ လှမ်းကြည့်ပြီး အသံကို တိုး၍ မြှင့်လိုက်ကာ...

"ရှေ့တပ်ဦးက၊ မင်းရဲလှနှင့်၊ ဂုတ်မသမက်၊ မင်းအောင်နက်တို့က မကာရိုးကွက်စစ်ဆင်လို့ တပ်လုလင်၊ ခွေးမိုးမှောင်က၊ တစ်ကောင်နှင့် တစ်ကောင်ကို၊ နံဘေးချင်း မြှောင်လို့မို့၊ ဟယ်... ဟိုကောင်ကြီး... မပူးမကပ်စေနဲ့၊ တပ်ဦးက ထွက်ပြေး၊ အဲ... ဟုတ်ပေါင်... ချီတက်..."

မြခင်က ကိုတောလူကို ကြည့်၍ တခိခိရယ်နေလေသည်။

"တောခွေးနှင့် သားကျသည့် မိကြောင်မ တူ ခွေးလက်ဖြူကို အရည်တူရွေး၍၊ ဗိုလ်တပ်ရေးနှစ်ကောင်ခန့်"

ကိုတောလူ၏ စစ်မိန့်သံက ပို၍ကျယ်သည်ထက် ကျယ်လာလေသည်။ သူသည် ပွဲတော်ကလေးတည်လိုက်ရသဖြင့် နန့်တန့်တန့်ဖြစ်နေသော ခွေးမများဘက်သို့ လှည့်လိုက်ကာ...

"နန့်တန့်တန့် လျှပ်တတ်တတ်၊ တစ်ခုလပ် ခွေးမများကို ဂုတ်ကျားနှင့် ရဲကျော်က ကတော်စု အရေးပိုင်ကြပ်တည်းစွာ ချုပ်ကိုင်၍ ဝမ်းလျှိုင်ကလိုက်။ စစ်ခြေယွင်းရော်၊ မတော်လို့ သူတပ်၊ အခြေပြတ်ခါမှ၊ တစ်ခုလပ်ခွေးမလေးတို့ကို တပ်တွင်းက လွှတ်၍ ရှပ်ရှပ်ချွံချွံ လိုက်လံကိုက်ခဲ့စေ...။

"မြီးတံဆော့ဆော့၊ ခါးကော့ကော့နှင့်၊ ပေါ်ကြော့လွင်လွင်၊ ခွေးထီးကို မြင်တဲ့လျှင်၊ ခင်ခင်မက်မက်၊ နှုတ်မဆက်ဘူးလို့၊ ကြည့်ချက်ကယ် သိမ်မွေ့၊ ဖြန်းကာ ဆွေ့လိုက်သည့် ဣန္ဒြေရှင်၊ ခွေးပျိုစင်များမှာ၊ ငလွင်ပြေင်သို့၊ ထွက်ဝင်လွန်ကျူး၊ တပ်ဦးတပ်ဖျား၊ မသွားလာစေနှင့်။ ရန်မွေနှင့် ရဲခေါင်၊ ခွေးကွပ်ချောနှစ်ကောင်က၊ လျော်ကန်အောင် နေရာ

ချလို့၊ တပ်မကမြဲစေ” ဟု အမိန့်ပေးလိုက်ပြီးနောက် သတိအနေအထား ဖြင့် လေးဖက်ထောက်နေသော ခွေးလူပျိုသိုးဘက်သို့ လှည့်ပြီး...

“ကိုယ်ခပ်ကုပ်ကုပ်၊ မြီးဖုတ်သွန်းသွန်း၊ ဖင်ချွန်းချွန်းနှင့် ဝမ်းက လျှလျှ၊ ရင်ဝကျယ်ကျယ်၊ ကပ်ပယ်ပြောင်ပြောင်၊ စွယ်ရောင်ဖွေးဖွေး၊ မကွပ်သေးတဲ့ ခွေးလူပျိုသိုး၊ ကျားထက်ဆိုးတို့အပေါ်မှာ၊ ပဲခူးဒလ၊ အောက်ပြည်ကရခဲ့တဲ့ ဝဲထူမဦးရီး၊ အောင်နီကြီးကို၊ အပြီးလက်မှတ်၊ စစ်ကဲစာ ပေးအပ်၍၊ တပ်မတော်လက်ယာက ရန်လာလျှင် ရှောင်မိ အောင် ဂဠုန်တောင်မြဲ။ ။ ပေါင်ခပ်ကွကွ၊ ပုဆိုးမ၍၊ ရွရွကလေး လှမ်းရ သော၊ သရမ်းသည့် ခွေးတစ်ပတ်ရစ်များကို၊ နီပါးနှင့် ရန်လို၊ အလီမူလာ ဗိုလ်တို့က၊ ဆင့်ဆို၊ စည်းကြပ်၊ တပ်မှူးအပ်၍ တပ်မတော်လက်ဝဲက၊ ပင်နီဆလင်စွဲ၍ လိုက်ကြစေ”

ကိုတောလူသည် အစပထမ၌ စာရွက်ကိုကြည့်၍ စာသံပေသံ ပါပါနှင့် အမိန့်ပေးနေရာမှ ဖောက်လာလေသည်။ သူသည် ခွေးမုဆိုးမ၊ ခွေးတစ်လင်ကွာ၊ ခွေးသက်ကျားအို၊ ခွေးနို့စို့များကိုလည်း ချန်မထား...။

“လင်သေ, လင်ကွာ၊ နေရာမကျ၊ တဏှာထသည့် မုဆိုးမ၊ ခွေးမ အို၊ မုဆိုးဖို၊ ခွေးသက်ကျား၊ စွယ်သွားမချန်၊ ဟိုဟာချွန်သည့် တမလွန် သွားခါနီး၊ ခွေးသူကောင့်သားကြီးများနှင့် ဆယ့်သုံးနှစ်သမီးက ဗိုက်ကြီး ကာ ကိုယ်ဝန်ချီရသော နှုတ်ခမ်းနီခွေးမကလေးများနှင့်တကွ၊ ခွေးမကြီး ငယ်၊ မီးယပ်သည်များမှာ တစ်နယ်တစ်ရွာ၊ တပ်ချီရာသို့၊ မပါမလိုက်ကြ စေနှင့်။ အနေကျကျ၊ အိမ်သာဝက ပါးစပ်ဟ၍နေကြစေ...”

ကိုတောလူ၏ စစ်မိန့်သံ မဆုံးမီပင် ကျွန်တော်တို့၏ သွပ်စုတ် တဲနန်းနှင့် ခပ်လှမ်းလှမ်းတွင်ရှိသော တဲပုတ်ကလေးမှ မီးဘေးဒုက္ခသည် တစ်ဦး ကျွန်တော်တို့ထံသို့ ရောက်လာကာ မီးဘေးကယ်ဆယ်ရေး အဖွဲ့က မီးလောင်မြေများကို မီးဘေးဒုက္ခသည် များသို့ ပြန်၍ ဝေပေး

မည် ဖြစ်ကြောင်း၊ ယခုပင် မီးဘေားကယ်ဆယ်ရေး ရုံး ဖွင့်ထားသော ဆင်မလိုက်ရှိ အစိုးရကျောင်းအဆောက်အဦသို့ စာရင်း ပေးရန် သွား မည်ဖြစ်ကြောင်း လာရောက် ပြောဆိုလာလေသည်။

ကျွန်တော်သည် ခွေးတပ်ပေါင်းစုဗိုလ်ချုပ်ကိုတောလူကို စစ်မိန့် ပေးနေရာမှ ဆွဲခေါ်ကာ မီးဘေားကယ်ဆယ်ရေးရုံးသို့ အပြေးချီတက်ခဲ့ ၏။ ကိုတောလူ၏ ခွေးတပ်သားများကား နောက်တွင် အောင်စည် အောင်မောင်းလို အူ၍ ကျန်ရစ်ခဲ့လေသည်။

## (၄)

မြေနေရာများပြန်ရမည်ဆိုသောကြောင့် ကိုတောလူမှာ ကျွန်တော် ထက်ပို၍ ဝမ်းသာနေ၏။ ဝမ်းသာခြင်း၏ အထိမ်းအမှတ်ဖြစ်သော အင်းစိန် ကျိုက်ကလားမှ နှစ်ကျပ်နှင့် ပြားငါးဆယ်ပေး၍ ဝယ်ခဲ့သော မီးတောက်ချက်အရက် ပုလင်းမှာ သူ့ရှေ့တွင် ရောက်နေလေသည်။

ကိုတောလူသည် မီးလောင်ထားသဖြင့် မည်း၍နေသော သံစည် ပိုင်းတစ်ပိုင်းကို မှောက်လိုက်ပြီး သံစည်ပိုင်းပေါ်တွင် တင်ပျဉ်ခွေ၍ ထိုင်လိုက်ကာ...

"အင်း... ကျုပ်တို့ရဲ့ ရာဇဌာနီ ကစော်နေပြည်တော်ကြီးဖြစ် သော ရှောက်ပင်ခြံ ရပ်ကွက်ကို လမ်းတွေဖောက်၊ အိမ်နေရာတွေအကွက် ရိုက်ပြီး ပြန်လည်ဖန်ဆန်းကြွှန်းထူထောင်မည်ဖြစ်သောကြောင့် ဝမ်းသာ လိုက်ပါဘိ နှမရယ်" ဟု မြခင်ကို မျက်စပစ်ရင်း ပြောလိုက်၏။

ကျိုက်ကလားအရက် တစ်ဝက်ကျော်ကျော်ကို ဗိုက်ထဲသို့ သွင်း ထားပြီးဖြစ်သော ကိုတောလူအား မြခင်က အရေးမလုပ်ဘဲ ကျွန်တော် တို့၏ သွပ်စုတ်တဲနန်းဘေးတွင် ကုပ်၍ နေလေသည်။ ကိုတောလူက ဆက်ပြီး...

"ဆရာသမား၊ မိဘ၊ ဘိုးဘွား၊ အရက်သမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျုပ်တို့ မြေနေရာကလေးပြန်ရမယ် ဆိုပြန်တော့... အဟမ်း... အဟမ်း... အလောင်းဘုရား မုဆိုးဖိုကို ရွှေဘိုလို့ သမုတ်သလို၊ ငါကိုယ်တော်မြတ်စံတော်မူရာ ရောက်ပင်ခြံရပ်ကွက်ကို ယခု ယနေ့မှစ၍ ငါကိုယ်တော်အရှင်ဘုရင်သခင်သည် တစ်ရွာသော အရက်သမားအပေါင်းတို့ အပေါ်တွင် ထီးဖြူမိုး၍ သူခိုးလုပ်တော်မူသည့်အတိုင်း ရောက်ပင်ခြံမှ ချက်ဘုရင်စံရပ်ကွက်ဟု ခေါ်တွင်စေ"

"ဟောဒီ မင်္ဂလာလမ်းကိုကော ဘယ်လိုခေါ်မလဲ...."

ကျွန်တော့်တပည့်ကလေး တစ်ယောက်က ထောက်၍ မေးလိုက်၏။ ကိုတောလူက တဟဲဟဲရယ်ပြီး...

"ချက်ဘုရင်စံ ရပ်ကွက်မှာ ချက်လမ်းဟုတွင်စေရမည် မောင်မင်း။ ငါကိုယ်တော်တိုင်လည်း ချက်မင်းသားဆိုသော ဘွဲ့ကို ရရှိပြီးသည်နှင့်အညီ ငါကိုယ်တော်မြတ် စံတော်မူရာ ဂေဟာကို ချက်ဂေဟာ၊ ငါ ကိုယ်တော်မြတ်ရဲ့ မိန်းမကို ချက်မင်းသမီး၊ ငါကိုယ်တော်မြတ် ယခု စံပယ်သော သံစည်ပိုင်းကိုလည်း ချက်ပလ္လင်ဟု ခေါ်စေရမည်"

ကိုတောလူကပွဲထဲမှ ရှင်ဘုရင်၏ဟန်ပန်လေသံနှင့် ပြောရင်း သံစည်ပိုင်းအောက်နားတွင်ရှိသော စက္ကူ ခပ်ရှည်ရှည်ကိုယူ၍ သူ့ခေါင်းတွင် ရှင်ဘုရင်များ ခေါင်းပေါင်းပေါင်းသလို ပေါင်းလိုက်၏။

"ကိုတောလူ...၊ တော် တွေ့ကရာတွေပြောပြီး တွေ့ကရာတွေ လုပ်မနေနဲ့၊ ဝမ်းကျပြီး သေနေဦးမယ်..."

ကိုတောလူကို အရေးမလုပ်ဘဲ ခပ်ကုပ်ကုပ် နေခဲ့သော မြခင်က ငြိမ်၍မနေနိုင်တော့ဘဲ ဝင်ပြောလိုက်၏။ ကိုတောလူက မြခင်ဘက်သို့ ဆတ်ကနဲလှည့်ပြီး...

"ဟောသည်က မောင်ဘုရားကို စောင့်စားတော်မူနေရတာ

ကြာလို့ 'ခါနာ' ဆာပလား မိမိငဲ့...." ဟု မေးလိုက်ရင်း သံစည်ပုံးဘေးနားမှ အရက်ပုလင်းကို တစ်ခွက်ငှဲ့နေလေသည်။

မြခင်က တဲဘေးတွင် ကုပ်နေရာမှ ကိုတောလူအနီးသို့ ထ, လာကာ...

"ကိုတောလူ၊ လူများတွေက မီးလောင်လို့ ဘယ်လိုအိုးအိမ်ထူထောင်နေရမယ်ဆိုတာ ကြံစည်နေကြတယ်၊ တော့်မှာတော့ တစ်ရက်လာလည်း အရက်၊ တစ်ရက်လာလည်း အရက်၊ လူကဖြင့် ပုဆိုးတောင်ဝတ်စရာမရှိဘူး" ဟု ကြိမ်းလိုက်၏။ ကိုတောလူက မြခင် ကြိမ်းလိုက်သည့်စကားကို ပျားရည်နှင့်လောင်းသလို ထင်လေသလားမသိ၊ ဘေးနားမှ ငှဲ့ပြီး အရက်ခွက်ကို ခပ်သွက်သွက် မော့သောက်လိုက်၏။ ပြီးမှ...

"စုတ်ပုဆိုးမှာလ၊ ချုပ်ရိုးက ထောင့်ငါးရာ။ ။ သန်းချေးငယ်အိမ်ခြေတို့၊ သိန်းကုဋေ မရေတွက်နိုင်ဘူး။ ပုရွက်အုံ... ပုရွက်အုံ ပလူတွင်းသော်မှ၊ ခွန်ပဏ္ဏာကျွန်ရာသွင်းရတယ်ကွယ် မင်းတို့မောင်မှာ" ဟူသော လေးချိုးသဖြန်ကို အသံနေ အသံထားနှင့် ခပ်ကျယ်ကျယ်အော်ဆိုလိုက်သောကြောင့် မြခင်က ခါးကို လက်ထောက်၍ရပ်ရင်း...

"အင်း... ဆိုနေဆိုနေ၊ ထမင်းတော့ ကိုယ့်ဟာကိုယ် ရှာမစားတတ်ဘူး၊ အရက်တော့ သောက်တတ်တယ်"

ကိုတောလူက ဝဏ္ဏကျော်ထင်ဟူသော ဘွဲ့ရင်းတွင် သရေစည်သူဟူသော ဘွဲ့သစ်ကို ထပ်၍ရသော ပြည်တော်သာ ခေတ်အရာရှိကြီး၏ မျက်နှာပေးဖြင့် သူ့ပုဆိုးစကို လက်တစ်ဖက်နှင့်ဆွဲပြီး...

"တစ်ထည်ဖြစ်ကိုလ၊ ဆယ်နှစ်ကျော် နှစ်ဆယ်မြဲပါလို့၊ ထည်လဲက ရှင်းပလာ၊ ဟင်းမှာတော့ ယောင်ရိပ်ဝဲ၊ အိမ်ပုန်း-ရည်မြွောင်၊ ဘိလပ်ကယ် ရွှေချဉ်ပေါင်နဲ့၊ ဆားအယောင်မြင်ယောင်ပြပါလို့၊ အမယ်မင်း ငကျောက်ဆန် တစ်စလယ်စကို... ကိုဗျာ... အဟမ်း... အဟမ်း...

ချက်အရက်နဲ့လဲ" ဟု ဟစ်၍ဆိုရင်း ပုဆိုးစ,ကို မျက်နှာတွင် အုပ်၍ ပွဲထဲမှ မင်းသားလို ငိုရပ်ဆင်နေလေသည်။ မြခင်က စိတ်မရှည်နိုင်တော့ဘဲ...

"ကိုတောလူ တော်တော့၊ အရက် တစ်ပုလင်းလည်း ကုန်တော့မယ်" ဟု ခပ်ဆတ်ဆတ်ပြောပြီး သံစည်ပိုင်းဘေးနားတွင် ထောင်ထားသော အရက်ပုလင်းကို ဆွဲယူလိုက်၏။

အတော်စိုင်းနေပြီဖြစ်သော ကိုတောလူသည် သံစည်ပိုင်းဘေးနားမှ အရက်ပုလင်းကို မြခင်က ဆွဲယူသည်ဟု မထင်၊ သူ့အသည်းကို ဆွဲဆုတ်၍ ယူသွားသည်ဟု ထင်လေသည်လား မဆိုနိုင်၊ စောစောက ငိုချင်းချ၍ ခပ်ငိုင်ငိုင်ဖြစ်နေရာမှ ယိုင်တိယိုင်တိုင်နှင့် ထ,လိုက်ပြီး မြခင်လက်ထဲသို့ ရောက်နေသော အရက်ပုလင်းကို အတင်း ဆွဲလုနေလေသည်။

"တော်ပြီ တော်ပြီ မသောက်ရဘူး။ တကတဲ နေ့ရှိသမျှ ဒီအရည်ပဲ သောက်နေတာပဲ"

မြခင်က ပြောပြောဆိုဆို အရက်ပုလင်းကို အတင်းဆုပ်ကိုင်ထား၏။ ကိုတောလူကလည်း မရရအောင် လုနေလေသည်။ ကျွန်တော်တို့သည် ကိုတောလူတို့ လင်မယားဖြစ်နေပုံကို ဘေးမှနေ၍ ပွဲကျနေကြ၏။

"ဟိတ်... လွှတ်စမ်း... လွှတ်စမ်း..."

ကိုတောလူက ဟိုယိုင်သည်ယိုင်နှင့် ပုလင်းကိုလုနေရာမှ ပါးစပ်ကလည်း အော်ကျယ်ဟစ်ကျယ် လုပ်နေပြန်သည်။ မြခင်က အလျှော့မပေးဘဲ ကိုင်ထားရာမှ ကိုတောလူ ခြေတစ်ချက်ယိုင်၍အသွားတွင် ပုလင်းကို ဆောင့်ဆွဲလိုက်ပြီး ခပ်လှမ်းလှမ်းရှိ သစ်ငုတ်တိုများကြားသို့ ထွက်ပြေးသွားလေသည်။ ကိုတောလူက ခါးတောင်းကို မြှောင်အောင် ကျိုက်လိုက်ပြီး လက်မောင်းကို တဖြောင်းဖြောင်းမြည်အောင် ခတ်ကာ...

"ရော သည်တစ်ခါ၊ ငါ့အလိုမလိုက်၊ ထွက်ပြေးသူ မိန်းမမိုက်၊

ခြေနှစ်ချောင်းအားကိုး၊ အငြိုးနှင့် လိုက်တော့မည်၊ တစ်သောင်းတိုက် ဦးနှိမ်၊ တရထည်လက်ရုံးစိန်၊ ရွှေဘုန်းတော်အာဟိန်၊ တိတျာရဝိန်သို့၊ မြတ်ဇာတိသမ္ဘိန်၊ အမင်းမင်းဦးချိန်၊ ဝရဇိန်နတ်ဆက်၊ စကြာတော် လက်နက်နှင့်၊ တစ်ချက်ဖောက် ဆယ်ချက်ဆင့်၊ ရန်ပုံခွင့် အသံလို၊ သောင်း ဗိုလ်ထုပြိုသည့်နယ်၊ တက္ကသိုလ်တစ်ဆူ၊ ဝိုင်းဆိုများမှန်ကူက၊ ကြားသူတိုင်းနားပေါက်၊ ပွင့်လုနီးစလောက်၊ အလိုက်နှင့်အပြေးကို၊ မဝေးမီ ဆိုက်ရောက်အောင်၊ ကိုင်း... ရွာစားပတ်အမြောက်ပစ်...” ဟု ပွဲထဲမှ မင်းသားကြီး ပတ်တိုက်ကို ကျကျနနကြီး ရွတ်လိုက်ရင်း မြခင် နောက်သို့ ဒယီးဒယိုင်နှင့် ပြေး၍အလိုက် လေးငါးလှမ်းမျှ မရောက်မီ မြေပေါ်တွင် ငါးလက်မခန့် ငေါငေါကြီးထွက်နေသော မီးလောင်ငုတ်တို ကို ခလုတ်ဝင်တိုက်မိပြီး ဗိုင်းခနဲ လဲကျသွားလေသည်။

မြခင်နှင့် ကျွန်တော်တို့သည် ကိုတောလူ လဲကျရာနေရာသို့ အပြေးကလေး ရောက်သွားကြ၏။

အမူးလွန်နေသော ကိုတောလူသည် မီးလောင်ပုံကို ခေါင်းထိုး၍ ပုဆိုးအကျွတ်ကျွတ်နှင့် ကိုးရိုးကားရားကြီး ဖြစ်နေလေသည်။

**မြဝတီ၊ အောက်တိုဘာ၊ ၁၉၅၇။**

❐

## မောင်ကြီး နှမ

မိမိ၏ရန်ဘက် ယစ်ထုပ်ကြီးသမီးကိုမှရွေး၍ ကြိုက်တတ်သော သိကြားမင်းကြီးမာဃလို ကျွန်တော်ကလည်း ကျွန်တော်နှင့် မျက်နှာကြော မတည့်ခဲ့သော သူကြီးမင်း ဦးဖိုးဘသမီးထွေးခင်ကိုမှ တွေ့တတ်ပလေသည်။

ဦးဖိုးဘအား ကျွန်တော်က အသုရာနှင့် ခိုင်းနှိုင်းလိုက်ခြင်း၌ သူသည် အသုရာကဲ့သို့ ကစော်အမူးလွန်နေရုံမျှမက ကျွန်တော့်ကိုပင် နှစ်လုံးပြူး သေနတ်ကြီးဖြင့် စစ်ခင်း၍တိုက်ခဲ့သောကြောင့်ဖြစ်၏။

ထိုမျှမကသေး၊ သူကြီးမင်း ဦးဖိုးဘ စံတော်မူရာ ဝဲကြီး ရာဇဌာနီသည် သခွတ်ပင်ပေါက်ရာ၊ ပွင့်ရာ ပေါ်ရာ ဒေသကြီးဖြစ်သောကြောင့်လည်း ဖြစ်၏။

မိုးကျပြီဆိုလျှင် ဝဲကြီးရွာတစ်ဝိုက်၌ သခွတ်ပွင့်တို့သည် မြေပြင်ကို ငွေစင်လျှမ်းအောင် အရမ်းကာရော ပြန့်ကျဲ၍နေတတ်၏။

ဤသို့လျှင် သခွတ်ပွင့်ရာ အသုရာတိုင်းပြည်နှင့် ခိုင်းနှိုင်းဖွယ်ကောင်းသော ဝဲကြီးရွာ၌ သူကြီးမင်းဦးဖိုးဘ၏ သမီး ထွေးခင်ကို ကျွန်တော်က ပြေး၍ မြင်ခဲ့ရလေသည်။


မောင်ကြီးနုမ

သိကြားမင်းကြီး၏ မိဖုရား၊ အသုရာ၏ သမီး သူဇာကို ကျွန်တော်က မမြင်ဖူးသော်လည်း ထွေးခင်သည် သူဇာလောက်တော့ လှမည် မထင်ပါ။ သူဇာ၏ လှပုံချောပုံကို စိတ်ကူးနှင့်မှန်း၍ ရမ်း၍ဖွဲ့ဆိုထားသော စာများကို ဖတ်ရ၏။ သို့သော် ဦးဖိုဘ၏ သမီး ထွေးခင်အကြောင်းကိုမူ မည်သည့်စာဆိုတော်ကမျှ ဖွဲ့ဆိုထားခြင်း မရှိသည့်အတွက် ထွေးခင်သည် သူဇာလောက်တော့ လှမည်မဟုတ်ဟု ဆိုလိုက်ခြင်းဖြစ်ပါသည်။

သို့တစေ ကျွန်တော်က ထွေးခင်ကို မြင်လျှင် မြင်ချင်း သွေးဘောက်ဘက်ရိုက်အောင် ချစ်ကြိုက်မိပါ၏။

ထွေးခင်ကို မြင်လိုက်ရသော အချိန်မှာလည်း ကျွန်တော့်အတွက် အထူး အံ့ဩဖွယ်ကောင်းသော အချိန်ဖြစ်ပါ၏။

ကျွန်တော်က တောင်ကုတ် သင်္ဘောဆိပ်တွင် ဖြစ်ပွားသော ရိုက်မှုတစ်ခုအတွက် သင်္ဘောဆိပ်နှင့် အနီးကပ်ဆုံး ဝဲကြီးရွာသို့ သူကြီးဖြစ်သူအား တိုင်ချက်ပေးရန် လာခဲ့၏။

အချိန်မှာ နေဝင်ရီသရောအချိန်ဖြစ်သည်။

ကျွန်တော်သည် သူကြီးမင်း၏ လေးပင်သုံးခန်း ပျဉ်းကတိုး အိမ်ကြီးအဝတွင် ခဏမျှရပ်ကာ အရိပ်အခြည်ကိုကြည့်သော်လည်း လူတစ်ယောက်မျှ မတွေ့ရ၊ နောက်ဖေးဘက်မှသာ တွန်းသံ၊ ထိုးသံ၊ ရုန်းသံ၊ ကန်သံများကို ကြားနေရသဖြင့် အသံကြားရာဆီသို့ အပြေးကလေး ဝင်လာခဲ့၏။

ထွေးခင်နှင့် သူ့အဘကား ထွေးလုံး သတ်ပုတ်လျက် ရှိလေသည်။

"ဟဲ့... လူယုတ်မာကြီး... လွှတ်လွှတ်၊ ပထွေးပီပီ ခွေးလိုမလုပ်နဲ့..."

ထွေးခင်က ပါးစပ်မှ တဖျစ်တောက်တောက် ပြောရင်း သူကြီးမင်း

ဦးဖိုးဘ၏ဖက်ငင်ဆွဲယမ်းမှုကို ရုန်းကန်နေ၏။

ကျွန်တော်က ကြောင်၍ ရပ်ကြည့်နေမိလေသည်။ ဦးဖိုးဘမှာ ထွေးခင်၏ ဖအေအရင်းဟု ကျွန်တော်က ထင်မှတ်နေခဲ့ရာ ယခုမှ ဖအေအရင်းမဟုတ်မှန်း သိလာရတော့သည်။

တကယ်တော့ ကျွန်တော်သည် ဝဲကြီးရွာသားတစ်ယောက်မဟုတ်၊ တောင်ကုတ် သင်္ဘောဆိပ်တွင် သင်္ဘောဆိုက်ကပ်သည့် ရက်သတ္တပတ်တိုင်း ဝဲကြီးရွာသို့ ဝင်ထွက်သွားလာခဲ့သူသာ ဖြစ်၏။ ထိုအခါက ကျွန်တော့်မှာ ရခိုင်တိုင်း ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးကုမ္ပဏီတွင် သင်္ဘောစာရေးအဖြစ် လုပ်ကိုင်နေခဲ့ရာ တောင်ကုတ်သို့ သင်္ဘောကပ်တိုင်း ဝဲကြီးရွာသို့ ရောက်ခဲ့၏။ သို့တစေ သူကြီးမင်း ဦးဖိုးဘ၌ ထွေးခင်ဟူသော သမီးတစ်ယောက်ရှိသည်ဟူသော သတင်းကိုကြားခဲ့ရုံမှအပ ထွေးခင်ကိုမူ တစ်ခါမျှ မမြင်ဖူးခဲ့။ ဦးဖိုးဘသည် ထွေးခင်ကို ကျွန်တော် မမြင်အောင် တမင်ပင် လုပ်ထားခဲ့ဟန် တူလေသည်။

တစ်ခါက၊ ထိုတစ်ခါက ဆိုသည်မှာလည်း ကျွန်တော် တောင်ကုတ် သင်္ဘောဆိပ်သို့ စတင် ရောက်ခဲ့သည့်နေ့ကပင် ဖြစ်၏။ ဦးဖိုးဘနှင့် ကျွန်တော်သည် သင်္ဘောကုန်တင်ကုန်ချကိစ္စနှင့် ပတ်သက်၍ စကားများခဲ့ဖူးရာ သူသည် ကျွန်တော့်ကို ထိုအချိန်ကစ၍ ဝေရာမဏိဝေးစွာ ရှောင်ကြဉ်ခဲ့၏။ သူ့သမီးကို မြင်ရဖို့ မဆိုထားနှင့်၊ သူ့အိမ်နားသို့ပင် ကျွန်တော့်ကို အကပ်မခံခဲ့။

ဤကဲ့သို့ ကျွန်တော်နှင့် မျက်နှာကြောမတည့်...၊ ဘုအကျကြီးကျခဲ့သော ဦးဖိုးဘအိမ်သို့ပင် ကျွန်တော်သည် ကျွန်တော်နှင့် သက်ဆိုင်နေသော ကိစ္စဖြစ်၍ တိုင်ကြားရန် လာခဲ့၏။ လာခဲ့သောအခါ၌လည်း ကျွန်တော်၏ လာခြင်းသည် သူ့အတွက် ကောင်းသော လာခြင်းမဟုတ်ဘဲ ဖြစ်နေရပြန်လေသည်။

"ဟဲ့ ထွေးခင်... နင်မိုက်မနေပါနဲ့ဟဲ့၊ ငါက နင့်ကို သနားလို့ တောင်ညာတင်မလို့ လုပ်တာ..."

ဦးဖိုးဘသည် အသုရာ၏စံချိန်ကိုပင် ချိုးထားဟန် တူ၏။ သူ့ကိုယ်ကို သူပင် မနိုင်ဘဲ ဒယီးဒယိုင်နှင့် ထွေးခင်ကို သူ့ရင်ခွင် ထဲသို့ ဆွဲသွင်းနေ၏။

"ခွေးကောင်ကြီး လွှတ်... လွှတ်...၊ အော်လိုက်ရမလား..."

ကျွန်တော်သည် နောက်ဘက်သို့ အနည်းငယ်ပြန်ဆုတ်ကာ မီးဖိုချောင်တံခါးဝတွင် ခြေကို ခပ်ပြင်းပြင်း နင်း၍ ရပ်လိုက်၏။

သူတို့နှစ်ယောက်စလုံး မှင်တက်မိသလို ငိုင်နေကြလေသည်။ သို့သော် ဦးဖိုးဘကား လူကြီးလူမိုက်ပီပီ ခဏအတွင်း ဣန္ဒြေဆည်လိုက်နိုင်၏။

"ဟော့... ဟော့... မင်းက ဒီမှာ ဘာလာလုပ်တာလဲ..."

သူက ကျွန်တော့်ဘက်သို့ တည့်တည့်လှည့်လိုက်ကာ ကျွန်တော့်ကိုပင် ဟိန်းဟောက်လိုက်ပါသေး၏။

"ခင်ဗျားကပဲ ကျုပ်ကို မေးနေရသေးသလား၊ ခင်ဗျားလုပ်တာ ကျုပ် မမြင်ဘူး မှတ်လို့လား..."

ကျွန်တော်၏အသံက မာဆတ်ဆတ်ဖြစ်နေ၍ သူက အပြစ်ရှိသူပီပီ တွန့်သွားပုံရလေသည်။ မျက်နှာထားကလေး သေသေ၊ နားရွက်ကလေးပေပေနှင့် တစ်ချက်မျှ ငေးသွား၏။ ဥပမာဆိုလျှင် ချိုလှ၊ ကိုယ်လှ၊ နွားနက်မကို၊ ဥသဘနွားထီး၊ အနုကြမ်းစီးမည်ဟု ဟန်ကြီးနှင့် ကြံတုန်းကို၊ ကျားဟုန်း၍ ဝါးသော့ခါ၊ မျက်နှာထားသေသေ၊ နားရွက်ပေနှင့်၊ အောင်မြေရပ်မှာ၊ တပ်မစွဲနိုင်၊ ခေါင်းကျ၍မှိုင်သကဲ့သို့ပင် ဖြစ်ပါ၏။

ဦးဖိုးဘက 'လူမိတာ နာသဖြင့်' ဒေါသကြီးကာ စကားတစ်ခွန်းမျှ မပြောနိုင်သလို ကျွန်တော်ကလည်း မမျှော်လင့်သည့် ရှုခင်းတစ်ရပ်ကို

ဖြုန်းခနဲ လာတွေ့နေရသဖြင့် ဘာဆက်ပြောရမှန်းမသိ ဖြစ်နေ၏။ ကျွန်တော်တို့နှစ်ယောက်က ပြောမည့်စကားလုံးများကို အပြေးအလွှား လိုက်ရှာနေကြစဉ် ထွေးခင်၏ငိုသံက ပို၍ ကျယ်လာသည်ဟု ထင်ရလေသည်။

"အမေရေ...၊ ကျုပ် ရှက်လှချေရဲ့"

ဦးဖိုးဘ၏ဥသဘနွားထီး အနုကြမ်းစီးသည့် ပြဇာတ်သည် ဤသို့သော အခန်းတွင် အထွတ်သို့ရောက်ခါနီး၌ ဇာတ်ကွက်ကိုအောက်သို့ တဖြည်းဖြည်းဆွဲချလိုက်သော အခြားဇာတ်ကောင်တစ်ကောင်သည် နောက်ဖေးမီးဖိုချောင်သို့ ရောက်လာလေသည်။

သူကား ဦးဖိုးဘ၏မယား၊ ထွေးခင်၏ အမေပင် ဖြစ်၏။

"ထွေးခင်ကလည်း ဟယ် ကိုယ့်အဖေရိုက်တာနဲ့ ဒါလောက်တောင် ငိုနေရသလား..."

ထွေးခင်၏ အမေသည် ကျွန်တော့်ရှေ့တွင် မည်ကဲ့သို့ပင် ဟန်လုပ်၍ ပြောလိုက်စေကာမူ သူ၏ ဝမ်းထဲတွင်မူကား မခံမရပ်နိုင်သော ဒေါသမီးသည် တဟူးဟူးတောက်လောင်နေသည်ကို သတိပြုမိလိုက်ပါသည်။ ။

## (၂)

ထွေးခင်ကား ဆံတောက်ဖားဖား၊ တင်ကြီးကားကားနှင့် မျှစ်စို့ကြီးလို နုထွား၍ နေစေကာမူ အသက်ကား ဆယ့်ငါးနှစ်ပင် ရှိပုံ မပေါ်သေး။

ဤကဲ့သို့ အသက်အရွယ်နုနယ်သူ ကလေးမတစ်ယောက်သည် ဦးဖိုးဘလို ယုတ်မာသော ပထွေး၊ လင်ကို အကြောက်ကြီး ကြောက်နေရသော ဒေါ်ငွေမြလို အမေမျိုးနှင့် မည်ကဲ့သို့ ဆက်လက် နေထိုင်

သွားမည်ကို ကျွန်တော်က စဉ်းစား၍ မရအောင် ဖြစ်ခဲ့၏။

ထိုနေ့က ကျွန်တော်သည် သင်္ဘောပေါ်တွင် ရိုက်မှုဖြစ်သည့် အကြောင်းကို ဦးဖိုးဘအား တိုင်ကြားခြင်းမပြုတော့ဘဲ မြို့ပေါ်သို့ ပြန်တက်သည့် လှည်းသမားတစ်ယောက်နှင့် အကျိုးအကြောင်းကို စာရေး၍ ဌာနအုပ်ဆီသို့သာ ပေးပို့ခဲ့လေသည်။

ထွေးခင်က သူ့ဘဝ ရေစုန်မျောမည့် အချိန်မျိုးတွင် ကျွန်တော် ရောက်ရှိသွားသဖြင့် သူ့မျက်နှာပေါ်တွင် ဝမ်းနည်းခြင်းနှင့်အတူ ကျေးဇူးတင် အားကိုးကြောင်း ဖော်ပြသည့် အရိပ်အယောင်ကို တွေ့ခဲ့ရ၏။

သူက တရှုပ်ရှုပ်ငိုနေရင်း ကျွန်တော့်ကို မော်၍ ကြည့်လိုက်သည့် အကြည့်မှာ ကျွန်တော့်ကို တစ်သက်တာ မမေ့အောင် ဖြစ်သွားစေပါ၏။

သို့ဖြစ်၍ နောက်တစ်ပတ် တောင်ကုတ်သို့ သင်္ဘောအရောက်တွင် ထွေးခင်နှင့် တွေ့ချင်စိတ်က ပြင်းပြ၍ နေလေသည်။ သို့သော် သူ့အဖေ ဦးဖိုးဘနှင့် ကျွန်တော်မှာ အသုရာနှင့် သိကြားမင်းကဲ့သို့ မျက်နှာချင်းဆိုင်ရန် မဖြစ်နိုင်သဖြင့် ကျွန်တော် တွေ့ချင်သော ထွေးခင်ကို တွေ့မြင်ရတော့မည် မဟုတ်ဟု စိတ်ပျက်လက်ပျက်ဖြစ်မိသည်။ ကျွန်တော် တောင်ကုတ်သင်္ဘောဆိပ်မှ ထွက်ခွာသွားနေသည့်ရက် အတောအတွင်း ထွေးခင်ကလေး၏ ကံကြမ္မာသည် မည်ကဲ့သို့ ဖန်လာလေမည်ကို စိုးရိမ်မိသည်။ ကျွန်တော်သည် ထွေးခင်အကြောင်းကို အနုလုံ ပဋိလုံ စဉ်းစားရင်း ဝဲကြီးရွာနှင့် အတန်ငယ်လှမ်းသော တောအုပ်ကလေးသို့ လျှောက်လာခဲ့၏။

တောအုပ်အတွင်းရှိ ချောင်းကလေးအနီးသို့ ရောက်သောအခါတွင်ကား ကျွန်တော်၏ခြေလှမ်းများသည် စေတီသာ ကျွေးရာသို့ လာသော သူတောင်းစား၏ ခြေလှမ်းကဲ့သို့ သွက်၍ လာခဲ့၏။ ကျွန်တော်၏ စိတ်သည် သားရွှေအိုးထမ်းလာသည်ကို မြင်ရသော ဒုက္ကူလနှင့် ပါရိကာ၏ စိတ်ကဲ့သို့ ရွှင်၍ သွားခဲ့၏။

ဆယ်ပေလောက်ကျယ်သော ချောင်းကလေးထဲတွင် တဖွမ်းဖွမ်းနှင့် အသံမြည်အောင်ကူးနေသူကား ကျွန်တော် တွေ့ချင်နေသော ထွေးခင်ပင် ဖြစ်နေလေသည်။

"ထွေးခင်ရေ… ထွေးခင်…"

ကျွန်တော်က အားရဝမ်းသာ အော်ခေါ်လိုက်၏။

တဖွမ်းဖွမ်းနှင့် ရေကူးနေသော အသံများ ရုတ်တရက် ရပ်သွား၏။ ထွေးခင်သည် တစ်ဖက်ကမ်းစပ်မှ ရေထဲတွင် ခေါင်းတစ်လုံးပေါ်ရုံသာ ထိုင်နေရင်း ကျွန်တော့်ကို မျက်စိပြူး၍ ကြည့်နေလေသည်။



"ထွေးခင်ရေ... ဒီဘက် ပြန်ကူးခဲ့ပါကွဲ့၊ နင်နဲ့ တွေ့ချင်လို့ လိုက်ရှာနေတာ ကြာလှပြီ..."

ထွေးခင်က တစ်ဖက်ကမ်းစပ်မှနေ၍ ခေါင်းကိုသာ တွင်တွင် ယမ်းပြနေ၏။ ကျွန်တော်က ထွေးခင်၏အမူအရာကို နားမလည်။

"ထွေးခင်ရေ... နင့်ကို ကိုက်မစားပါဘူးဟ...၊ လာသာ လာခဲ့ပါ"

"ကျုပ် ရှက်တယ်တော့၊ ဒီမှာ.... ဒီမှာ..."

ထွေးခင်က ရှေ့သို့ စကားမဆက်နိုင်ဘဲ ကျွန်တော် ရပ်နေသည့် ဘက်သို့ လက်ညှိုးထိုးပြနေ၏။ သူလက်ညှိုးညွှန်ပြနေသည့်အတိုင်း ကျွန်တော်က ခြေရင်းဘက်သို့ ငုံ့ကြည့်လိုက်တော့မှပင် ကျွန်တော်ပါ မျက်စိပြူး၍ သွားမိလေသည်။

ကျွန်တော်ရပ်နေသည့်နေရာနှင့် တစ်တောင်ခန့်အကွာရှိ ကျောက်တုံးကလေးတစ်တုံးအပေါ်တွင်ကား ထွေးခင်၏ အင်္ကျီနှင့် ကွင်းလုံးကျွတ် ပုံချထားသော ထဘီကို တွေ့ရ၏။

"အို..."

ကျွန်တော်က အလန့်တကြားပင် ရေရွတ်လိုက်မိ၏။

မရွှေချောသည် ထဘီမပါဘဲ ရေဆင်းချိုးနေလေသည်။

"ဒါတွေ ဘယ့်နှယ်လုပ်မလဲ..."

ကျွန်တော်က သူ့ထဘီနှင့်အင်္ကျီကို လက်ညှိုးထိုးပြရင်း အော် မေးလိုက်၏။

"တော်... တခြားကို ခဏသွားနေ...၊ ကျုပ် အဲဒီဘက် လာခဲ့မယ်"

ကျွန်တော်သည် ထွေးခင်၏အမိန့်အတိုင်း ကမ်းစပ်မှ ခွာကာ ရှေ့သို့ ဆယ်ကိုက်ခန့်လျှောက်လာခဲ့၏။ ပြီးနောက် ထွေးခင်ဘက်သို့ ကျောပေးကာ သစ်ပင်တစ်ပင်ကို မှီ၍ ရပ်နေရလေသည်။

ထွေးခင်၏ ရေကူး၍ လာသံကို ကြားရပြီးနောက် ခဏမျှ

တိတ်ဆိတ်သွား၏။

"အင်္ကျီဝတ်ပြီးရင် ပြောဟေ့..."

ကျွန်တော်က နောက်သို့ လှည့်မကြည့်ဘဲ ထွေးခင်ကို သတိပေးလိုက်၏။

"အမယ်လေး... ကင်းကြီး... ကင်းကြီး..."

ထွေးခင်က ထိတ်ထိတ်ပျာပျာအော်လိုက်သောကြောင့် ကျွန်တော်သည် ရပ်နေသည့်နေရာမှ ပြေး၍ ထွက်လာခဲ့၏။

ထွေးခင်သည် ထဘီကို လက်တစ်ဖက်နှင့် လေထဲတွင် ခါယမ်းရင်း မိမွေးတိုင်း၊ ဖမွေးတိုင်း ရပ်နေလေသည်။ ကျွန်တော့်မှာ "မဥ္ဇူရုံညှာ၊ ထုံမာလာမှာ၊ ပျာကယာတွေ့။ မြစတေပင်၊ လှငွေစင်သို့၊ ယဉ်မူလှေ့ကို၊ ပြကတော့သွင်၊ မောင်ကြီးလှည့်လို့၊ ကြည့်လိုက်မြင်၊ ရွှေဘဝင်နှောင့်နှေး၊ မရဲမလို၊ ရဲမလို၊ သည်းဖိုလို့ ပြေးလိုက်လေ၊ သွေးဘောက်ဘက်ရိုက်၊ ဆယ်ဇမ္ဗူရာဓိ၊ မယ်တမူဖြစ်ခါမှ၊ လူသစ်ကြီးလိုက်ကရှော၊ ခိုက်ခိုက်များတုန်တဲ့လို့ ကြုံပလေ" ဆိုသော အဖြစ်မျိုးနှင့် တိုးမိနေ၏။

"သွား... သွား၊ ဒီကို မလာခဲ့နဲ့..."

ထွေးခင်က အလန့်တကြား ထပ်၍အော်လိုက်တော့မှပင် ကျွန်တော်သည် သတိရလာကာ စောစောက ကျောမှီ၍ ရပ်နေသော သစ်ပင်ခြေရင်းသို့ တပ်ဆုတ်၍ လာခဲ့နိုင်လေသည်။

"ထွေးခင်ရေ... ထွေးခင်..."

ခဏကြာသောအခါ ကျွန်တော်က ခေါ်လိုက်၏။ သို့သော် ပြန်ထူးသံကို မကြားရ။

"ထွေးခင်ရေ...၊ ပြီးပလားဟေ့..."

သို့တိုင်အောင် စကားပြန်ကား မရ။ ကျွန်တော်သည် သည်းမခံနိုင်တော့ဘဲ နောက်သို့ လှည့်ကြည့်လိုက်၏။ ထွေးခင်သည် ကျောက်တုံး

ကလေးပေါ်တွင် မျက်နှာကို ထောင်ထားသော ဒူးခေါင်းနှစ်လုံးကြား တွင် ညှပ်၍ငိုနေသည်ကို တွေ့ရ၏။

"ကျုပ် ရှက်တယ်တော့....၊ ကျုပ်အနား မလာခဲ့နဲ့...."

ကျွန်တော်က အရှက်ကြီး ရှက်ကာ ရှိုက်၍ရှိုက်၍ ငိုနေသော ထွေးခင်ကို နှစ်သိမ့်စေပါ၏။ အတန်ကြာမှပင် ထွေးခင်က ခေါင်းဖော် ဝံ့လာကာ ကျွန်တော် မေးသမျှကို ပြန်၍ ပြောလာလေသည်။

"ကျုပ်တော့.... ကျုပ်ပထွေးအိမ်မှာ မနေချင်တော့ပါဘူးတော်...၊ လွတ်ရာကျွတ်ရာသာ ထွက်ပြေးချင်တော့တာပဲ"

ထွေးခင်က မျက်ရည်ရွှန်းသော မျက်လုံးဝိုင်းဝိုင်းကလေးဖြင့် ကျွန်တော့်ကို အကူအညီတောင်းနေ၏။ ကျွန်တော်ကမူ မကြံတတ် အောင် ဖြစ်နေရလေသည်။

ထွေးခင်က အသက်ဆယ့်ငါးနှစ်ပင် မပြည့်တတ်သေး။ ဆံ တောက်ကြီး ဖားဖား၊ တင်ကြီးကားကားဖြင့် မိုးဦးကျမှိုစ်ရိုကြီးလို နန ထွားနေသောကြောင့် တောစရိုက် တောလေ့အရမူ အိမ်ထောင်သားမွေး ရန် ခန္ဓာကိုယ်အရ လူလားမြောက်ပြီဟုဆိုက ဆိုထိုက်သော်လည်း စိတ်အားဖြင့်ကား လူလားမြောက်ပြီဟု ဆိုနိုင်မည် မဟုတ်ပါချေ။ ကလေး စိတ်၊ ကလေးအမူအရာသာ ရှိသေးသော ထွေးခင်ကို ကျွန်တော်က မည်ကဲ့သို့ သူ့ဆန္ဒအတိုင်း ကူညီနိုင်ပါမည်နည်း။

"ထွေးခင်...၊ နင် အသက်ငယ်ငယ်ကလေး ရှိပါသေးတယ်ဟယ်..."

ကျွန်တော်က သူ့အပေါ်တွင် စေတနာထားကာ အစ်ကိုကြီးတစ် ယောက်လို ဆုံးမနေမိသည်။

"အမယ်... ကျုပ်လား... ငယ်တာ၊ ကျုပ်လိုအရွယ်တွေ ကလေး အမေတွေဖြစ်နေကြပြီသိရဲ့လား"

သူက နှုတ်ခမ်းတလန်၊ ပန်းတလန်နှင့် ကျွန်တော့်ကိုပင် ရန်တွေ့

နေပါသေး၏။

"အေး... ဘာပဲဖြစ်ဖြစ်၊ ခုတော့ ကိုယ့်အိမ်မှာပဲ ကိုယ် သတိဝီရိယ ထားနေပေါ့။ တကယ်လို့ မနေချင်ဘူးဆိုရင်လည်း... ရွာထဲက ဆွေမျိုး သားချင်း အိမ်တစ်အိမ်မှာ ညတိုင်း သွားသွားအိပ်တာပေါ့ ထွေးခင်ရာ..."

"ဟင့်အင်း... ဟင့်အင်း... ကျုပ်တော့ ဘယ်မှာမှ မနေချင်ဘူး။ အိမ်ကပဲ ထွက်ပြေးချင်တယ်..."

ကျွန်တော်က အတန်တန်ဖျောင်းဖျ၍ ပြောပါ၏။ သို့သော် ထွေးခင်က ခေါင်းမာမြဲ မာနေလေသည်။

"ကဲ ဒီလောက်တောင် ရှိလှတာ နောက်တစ်ခေါက်လာရင် နင့်ကို ငါ ခေါ်မယ်..."

ကျွန်တော်က သူ့စိတ်မှ သက်သာရာ ရပါစေတော့ဟု လိမ်၍ ပြောလိုက်၏။ သည်တော့မှပင် ထွေးခင်သည် ပြုံးရယ်၍လာနိုင်လေသည်။

"ကိုင်း... ဒါပဲနော်... နောက်တစ်ပတ် သင်္ဘောလာရင်..."

ထွေးခင်က ကျွန်တော့် ပါးတစ်ဖက်ကို ရွှတ်ခနဲ မြည်အောင် နမ်းရင်း ဝဲကြီးရွာဘက်သို့ ပြေးသွားသည်ကို ကျွန်တော်က သက်မ တဟင်းဟင်းချကာ ငေး၍ ကျန်ရစ်ခဲ့လေသည်။

နောက်တစ်ပတ် တောင်ကုတ်သင်္ဘောဆိပ်သို့ ဆိုက်ကပ်လိုက် သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်ရင်မှာ တဒိတ်ဒိတ်ခုန်နေ၏။ ကျွန်တော် က ထွေးခင် စိတ်မှ သက်သာရာရပါစေတော့ဟု ပြောခဲ့သောစကားကို သူက တကယ်မှတ်ထင်ကာ ကျွန်တော်နှင့် လိုက်ပါရန် စိတ်စော၍နေ မည်ကို ပူပန်မိ၏။

အသက် ဆယ့်ငါးနှစ်ပင် မပြည့်တတ်သေးသော ထွေးခင်လို ကလေးမကလေးကို ကျွန်တော်လို အသက် အစိတ်လောက်ရှိသော ယောကျ်ားတစ်ယောက်က အားပေးအားမြှောက်ပြုသကဲ့သို့ ပြောခဲ့မိသည့်

အတွက် ကျွန်တော့်ကိုယ်ကို ကျွန်တော် အပြစ်တင်မိသည်။ ခန္ဓာကိုယ် အရမူ တောမလေ့ တောစရိုက်အရ လူလားမြောက်ပြီဟုဆိုက ဆိုနိုင်သော်လည်း စိတ်အားဖြင့် လူလားမမြောက်သေးသူကလေးကို ကျွန်တော်က သူ့သဘောလိုက်၍ ခေါ်ယူသွားသည့်တိုင်အောင် ကျွန်တော့်အပေါ်တွင်ကား အပြစ်ကင်းနိုင်မည် မဟုတ်ပါ။

ကျွန်တော်သာလျှင် တရားခံဘဝသို့ ရောက်ရပေမည်။ ကျွန်တော့်အပေါ်တွင် အငြိုးကြီး ငြိုးထားခဲ့သော ဥသဘာန္ဒားထိး ဦးဖိုးဘကလည်း ကျွန်တော့်အပေါ်တွင် မည်သည့်နည်းနှင့်မျှ ချမ်းသာပေးမည်မဟုတ်။

ကျွန်တော်သည် စိတ်လေးလေးနှင့်ပင် ထွေးခင်နှင့် ကျွန်တော်တို့ တွေ့ဆုံခဲ့ရာ တောအုပ်အတွင်းရှိ ခြံကလေးဆီသို့ လျှောက်လာခဲ့၏။

ထွေးခင်က သီချင်းကလေး တအေးအေးနှင့် ကျွန်တော့်ကို စောင့်နေလေသည်။

"ကျုပ်က ပထမ သဘော်ဥသြမှုတ်သံကြားကတည်းက ဒီကို ရောက်နေတာ သိလား..."

မျက်စကလေးချီကာ ဝမ်းပန်းတသာ ပြောလိုက်ပုံမှာ ကလေးဆန်လှပေသည်။ သူက ဝမ်းသာနေသလောက် ကျွန်တော်က စိတ်ပူနေမိသည်။

"လာလေ... ဘာငေးတေးတေးကြီး လုပ်နေတာလဲ...၊ ထိုင်လေ..."

သူက ကျွန်တော့်လက်ကို ဆွဲကာ သူ့အနားတွင် အထိုင်ခိုင်းနေပါ၏။

"ကျုပ်က အိမ်မှာ အထုပ်တွေ၊ အပိုးတွေတောင် ပြင်ထားပြီးပြီ။ သဘော်က ဘယ်အချိန် ပြန်ထွက်မလဲ ဟင်..."

ကျွန်တော်က ဘာစကားမျှ မပြောနိုင်၊ ငိုင်၍သာ ထိုင်နေမိသည်။

"ဟင်... ဘာဖြစ်နေတာလဲ၊ ပြောစမ်း..."

"ဘာမှ မဖြစ်ပါဘူးကွာ..."

ကျွန်တော်က တိုတိုတောင်းတောင်းပင် ပြောမိလေသည်။

ထွေးခင်က ကျွန်တော့်မျက်နှာရိပ် မျက်နှာကဲကို ခုမှ ရိပ်မိလာဟန် တူ၏။ သူ့မျက်နှာကလေးသည် အိုသွားရှာ၏။

"ကျုပ်ကို ခေါ်မသွားချင်ဘူးလား...ဟင်..."

"ခေါ်မသွားချင်လို့ မဟုတ်ပါဘူးကွာ...၊ နင်က အသက်မှ မပြည့်သေးတော့ တော်တော်ကြာ နင်ရော ငါရော ဒုက္ခရောက်နေမယ်..."

"အမယ်... ကျုပ်က ဘာများ အသက်မပြည့်သေးတာလဲ...၊ ကျုပ်အသက် ဆယ့်ငါးနှစ် ရှိပြီတော့၊ ကျုပ်တို့ဆီမှာ ဒီအချိန် လင်ယူသားမွေး ကြတာချည်းပဲ..."

"နင်တို့တောမှာတော့ ဟုတ်တာပေါ့ဟယ်..."

"တော်တို့ မြို့ကကော ဒီလို မဟုတ်ဘူးလား..."

"မဟုတ်ဘူး..."

ကျွန်တော်က သံပြတ်နှင့် ပြောလိုက်သည်နှင့် တစ်ပြိုင်နက် ထွေးခင်သည် သူ၏ မျှော်လင့်ချက်တောင်ကြီး ပြိုကျသွားပြီကို သိသွားလေသည်။

"ဒီလိုဆိုရင် ကျုပ်ကို ဘာလို့ ခေါ်မယ်လို့ ပြောခဲ့သလဲ..."

ထွေးခင်က ကျွန်တော့်ရင်ခွင်ကို မှီရင်း ကျုံကျုံပါအောင် ငိုချလိုက်၏။ ကျွန်တော်က ဘယ်လိုပြန်ပြောရမည်ကို စဉ်းစား၍ မရ။ ဘယ်လို ချော့ရမည်ဟုလည်း နားမလည်၊ ထွေးခင် ငိုနေသည်ကိုသာ ထိုင်၍ ကြည့်နေမိသည်။

"ပြော... ပြော...၊ ကျုပ်ကို ဘာလို့ခေါ်မယ်လို့ ပြောရတာလဲ..."

ထွေးခင်က ကျွန်တော့်ရင်ဘတ်ကို တဗုန်းဗုန်းမြည်အောင် ထုလိုက်၏။

ထွေးခင်၏ ငိုရှိုက်သံနှင့် ကျွန်တော့်ရင်ဘတ်ကို ထုရိုက်သံကြား

တွင် ကျွန်တော်တို့ နောက်ဘက်ဆီမှ တချွတ်ချွတ်နှင့် သစ်ကိုင်းခြောက်များကို နင်း၍သွားသော အသံကို ကြားလိုက်၏။

"ထွေးခင်... ထွေးခင်... တိတ်စမ်း...၊ တို့ကို တစ်ယောက်ယောက် တွေ့သွားပြီ ထင်တယ်..."

ထွေးခင်၏မျက်လုံးများသည် ပြူးကျယ်၍ သွားကာ ကျွန်တော့်ကို ကြောက်အားလန့်အားနှင့် နင်းကန်ဖက်ထားလေသည်။

"လွှတ်ပါဦးဟ ထွေးခင်ရာ...၊ ငါ သွားကြည့်လိုက်မယ်..."

"ကျုပ်တော့ အဖေလိုက်ပြီး ချောင်းတာလို့ ထင်တာပဲ..."

"နင့်အဖေဆိုရင် ဘာလို့ ပြန်သွားမလဲ၊ နင့်ပါ တစ်ခါတည်း ခေါ်သွားမှာပေါ့..."

"အိမ်မှာ သေနတ်သွားယူတယ် ထင်တယ်၊ ဟုတ်တယ်... ဟုတ်တယ်... အဖေပဲ ဖြစ်ရမယ်။ ပြေး ပြေး တော်လွှတ်အောင်သာ ပြေး၊ မိုးလင်း သင်္ဘောထွက်ချိန်နီးမှ တော့်ဆီကို ကျုပ် ဆင်းလာခဲ့မယ်..."

ထွေးခင်က ပြောပြောဆိုဆို ကျွန်တော့်ကိုလည်း ပြေးစေကာ သူလည်း သူ့အိမ်ဘက်သို့ ထွက်ပြေးသွား၏။

ကျွန်တော်သည် ဝဲကြီးမှ သင်္ဘောဆိပ်သို့ ခါတိုင်းသွားနေကျ လမ်းအတိုင်း မသွားဘဲ တောအုပ်ထဲမှနေ၍ တောင်ကမူနှင့် လျှိုမြောင်ကလေးများကို ကျော်ဖြတ်ကာ ခပ်သုတ်သုတ်လာခဲ့၏။ အသုရာနတ်မင်းကြီး ဥသဘန္ဒားထီး ဦးဖိုးဘသည် ကျွန်တော့်ကို တွေ့နိုင်မည် မဟုတ်ဟု ထင်ခဲ့၏။ သို့ကြောင့်လည်း ကျွန်တော့် ဘေးကို ကျွန်တော်က မစိုးရိမ်။ ထွေးခင်အတွက်ကိုသာ စိုးရိမ်ပူပင်မိသည်။

ဦးဖိုးဘသည် ကျွန်တော့်ကို လက်လွှတ်သွားသဖြင့် ထွေးခင်ကို အငြိုးနှင့် ရိုက်နှက်နေမည်ကို မြင်ယောင်မိ၏။ ကျွန်တော်သည် တောင်ကမူကလေးတစ်ခုမှ ဆင်းကာ လျှိုကလေးတစ်ခုကိုဖြတ်ရန် ခြေလှမ်း



လိုက်သည်နှင့်တစ်ပြိုင်နက် ကျွန်တော့်နောက်မှ မာကျောခက်ထန်လှသော ဦးဖိုးဘ၏အသံကြီးကို ကြားလိုက်ရ၏။

"ဟေ့... မသေချင်သေးရင် ရပ်လိုက်...."

ရုတ်တရက်အားဖြင့် ကျွန်တော့်နားကိုပင် ကျွန်တော် မယုံကြည်နိုင်လောက်အောင် ဖြစ်သွား၏။ ဦးဖိုးဘသည် ကျွန်တော့်အား မည်သည့်နည်းနှင့်မျှ မတွေ့နိုင်ဟူသော ကျွန်တော်၏ယူဆချက်ကား တကယ်တကယ်စင် မှားယွင်းခဲ့ပေပြီ။

ကျွန်တော်သည် သွားနေရာမှ ဦးဖိုးဘ၏ အမိန့်အတိုင်း ချက်ချင်းပင် ရပ်တန့်လိုက်ရ၏။

"ဟော့... ဒီဘက် လှည့်လိုက်စမ်း..."

သူ၏နောက်ထပ် အမိန့်အတိုင်းပင် သူ့ကို ကျောပေး၍ ရပ်နေရာမှ သူ့ဘက်သို့ လှည့်လိုက်ရ၏။ သူသည် သူ၏နှစ်လုံးပြူးသေနတ်ကြီးကို ကျွန်တော့် ရင်ဘတ်တည့်တည့်ဆီသို့ ချိန်ရင်း အနိုင်ရသော စစ်သူကြီး၏ မျက်နှာထားဖြင့် ကျွန်တော့်အနီးသို့ တိုးလာလေသည်။

"ဖိုးဘအကြောင်း သိပလားဟေ့..."

သူက မခန့်လေးစား ရယ်လိုက်ရင်း မေးလိုက်၏။

"သိသားပဲ... လူယုတ်မာကြီးဆိုတာ..."

ကျွန်တော်က မရဲသော်လည်း ပြေးခဲစေဆိုသော စကားအတိုင်း ရင်ကို ခပ်ကော့ကော့ထား၍ ပြန်ပြောလိုက်၏။ ဦးဖိုးဘ၏မျက်နှာသည် ချေးမှန်သကဲ့သို့ ရှုံ့၍သွားလေသည်။

"အေးကွာ... သိကြသေးတာပေါ့၊ မင်းလိုလူမျိုးကို ဖိုးဘက အကောင်တောင် ဖျောက်ပစ်နိုင်တယ်... သိလား။ မင်းတော့ ဂျပန်သတ်သလို တဖြည်းဖြည်း ညှဉ်းပြီးမှ သတ်မကွာ..."

"ခင်ဗျားသတ်တိုင်း ကျုပ်သေရမှာလား..."

"ဟဲ... ဟဲ...၊ မင်းက တော်တော်မိုက်သားပဲ။ ဖိုးဘရဲ့ သေနတ်ပြောင်းဝမှာ ဘယ်နှလောင်း ကြွသွားတယ်ဆိုတာ ကြားဖူးမှာပေါ့ကွာ ဟုတ်လား"

"ဟော့... ခွေးကောင်ကြီး၊ စကားများမနေနဲ့၊ သတ္တိရှိရင် ပစ်လိုက်စမ်း..."

ကျွန်တော်က အသုရာနတ်မင်းကြီးဦးဖိုးဘကို ပို၍ ဒေါသထွက်အောင် လုပ်ကာ ရှေ့သို့ တိုးလိုက်၏။

သို့သော် ဦးဖိုးဘသည် ကျွန်တော်၏အကြံကို ရိပ်မိဟန်တူ၏။ သူသည် ကျွန်တော့်ကို အနားကပ်မခံဘဲ ကျွန်တော်က ရှေ့သို့ တစ်လှမ်း တိုးလာသလို သူက တစ်လှမ်းနောက်သို့ဆုတ်ကာ ကျွန်တော်နှင့် ခပ်ကွာကွာဖြစ်အောင် လုပ်နေ၏။

"ဟော့... ပစ်ရဲရင်... ပစ်စမ်း..."

ကျွန်တော်က ပြောပြောဆိုဆို ရှေ့သို့လေးငါးလှမ်းမျှ ခုန်၍ တိုးသွား၏။ ဦးဖိုးဘသည် ကျွန်တော် ပြေး၍တက်လာသဖြင့် နောက်သို့ ခပ်မြန်မြန်ကလေးဆုတ်လိုက်၏။ သူက နောက်ကိုဆုတ်၍ ခေါင်းကို မတ်မတ်ကလေး ဖြစ်အောင် ဆန့်ထုတ်လိုက်သည်နှင့်တစ်ပြိုင်နက် သူ့ နောက်ဘက်ဆီမှ ဖြန်းခနဲ ရိုက်လိုက်သည့် အသံ ပေါ်ထွက်လာလေသည်။

ဦးဖိုးဘသည် တစ်ချက်မျှသာ အော်နိုင်ပြီးလျှင် ခွေခနဲ လဲကျသွား၏။ ကျွန်တော်ကမူ အံ့အားသင့်ကာ ကြည့်နေမိသည်။

ထွေးခင်သည် ဝါးရင်းတုတ်တစ်ချောင်းကို ကိုင်ကာ ချုံပုတ် အကွယ်မှ ပြေးထွက်လာလေသည်။

"ဟဲ့ ထွေးခင်၊ နင် ဘယ့်နှယ် လုပ်လိုက်တာလဲ"

သွေးသံရဲရဲဖြင့် လဲကျနေသော အသုရာမင်းကြီးဦးဖိုးဘကို ငုံ့ ကြည့်ရင်း ကျွန်တော်က မေးလိုက်၏။

"ကျုပ် ရိုက်လို့ ဒီအကောင်ကြီး မသေပါဘူးတော်"

ကျွန်တော်သည် အသုရာမင်းကြီး ဦးဖိုးဘကို ပျာပျာသလဲ ပွေ့ထူ၍ ထွေးခင် ရိုက်လိုက်သော ဒဏ်ချက်မည်မျှပြင်းထန်မည်ကို ကြည့်နေ၏။ ထိုစဉ်တွင်ပင် ထွေးခင်၏အမေ ဒေါ်ငွေမြသည် အူယားဖားယားနှင့် ကျွန်တော်တို့ နေရာသို့ ရောက်လာလေသည်။

"ဒဏ်ရာ တော်တော် ပြင်းသလား"

"သိပ်မပြင်းပါဘူး...၊ နဂိုကလည်း အရက်တွေ သောက်ထားတော့ အရိုက်ခံရတဲ့အရှိန်နဲ့ သတိလစ်သွားတာပါ..."

ဒေါ်ငွေမြက သူ့လင် အရိုက်ခံရသော်လည်း သူ့လင်နှင့် ကျွန်တော်တို့ ဖြစ်ပျက်ပုံကို သိနေဟန်တူ၏။ ထို့ကြောင့်လည်း သူ့သမီးထွေးခင်ကို အပြစ်မတင်ပေ။

"ကဲ ကဲ... မောင်ရင်တို့ သွားဖို့ရှိတာ သွားကြ၊ ဒီမှာ တော်သလို ကြည့်လုပ်လိုက်မယ်"

"အမေ... ကျုပ်လည်း တစ်ခါတည်း လိုက်သွားမနော်"

အရေးထဲတွင် ထွေးခင်က ကလေးမကလေးလို ပူဆာနေပြန်၏။ ဒေါ်ငွေမြကမူ သူ့သမီးကို အဖြေမပေးဘဲ ကျွန်တော့်မျက်နှာကိုသာ စုံစမ်းသော အမူအရာနှင့် ကြည့်နေ၏။

"စိတ်ချပါ၊ ထွေးခင်ကို ကျွန်တော် နှမကလေးလို စောင့်ရှောက်ပါ့မယ်..."

ကျွန်တော်က စကားလှလှသုံးကာ ထွေးခင် အမေကို ကတိပေးလိုက်၏။

"ဘာပြောတယ်... နှမကလေးလို ဟုတ်လား"

ကျွန်တော်က ထွေးခင်ကို မျက်စိတစ်ဖက် မှိတ်ပြလိုက်ရ၏။ သည်တော့မှပင် သူ့ခမျာ အခိပ္ပာယ်ပေါက်သွားလေသည်။

"ကဲ... အမေ့ကို ကန်တော့ခဲ့ပါတယ်..."

ထွေးခင်အမေက သူ့သမီးကို မျက်ရည်စမ်းစမ်းနှင့် ကြည့်ရင်း ဆုမွန်ကောင်းများ တောင်းလျက်ရှိသည်။

"စိတ်ချပါရစေ မောင်ရင်ရယ်၊ ကျုပ်သမီးကလေးက လူကောင်သာ ထွားနေတာ၊ ဘာမှ သိတတ်သေးတာ မဟုတ်ဘူး၊ အစစအရာရာ ဆုံးမပါ..."

ကျွန်တော်နှင့် ထွေးခင်တို့သည် အသက် ပြင်းပြင်းရှူကာ မြေပေါ်တွင် ပျော့ခွေလျက်ပင် ရှိသေးသော အသုရာနတ်မင်းကြီးဦးဖိုးဘကို တစ်ချက်မျှ လှည့်ကြည့်ကာ ထိုနေရာမှ ထွက်လာခဲ့ကြ၏။

ဒေါ်ငွေမြသည် ကျွန်တော်တို့နှစ်ယောက်ကို လှမ်းကြည့်လိုက်၊ သူ့လင်ကို သတိရလာအောင် ယပ်ခတ်ပေးလိုက်နှင့် ကျွန်တော်တို့နောက်တွင် ဝေး၍ ဝေး၍ ကျန်ခဲ့ပါသတည်း။ ။

မြဝတီ၊ ဇူလိုင်၊ ၁၉၅၅။

❐

# မောင်ကြီးနန္ဒာ

## (၁)

အချိန်ကား သီပေါဘုရင်ကို အင်္ဂလိပ်တို့ ဖမ်းယူသွားပြီးနောက် ရခိုင်ပြည်၊ သံတွဲနယ်ဘက်တွင် ဘုန်းကြီးဗိုလ်၊ ဓော်ဂျီဗိုလ်၊ ကျောက်စိမ်းဗိုလ်၊ မျက်ကန်းဗိုလ်တို့၏ ထကြွပုန်ကန်မှုများ တစ်ခုပြီးတစ်ခု ငြိမ်းအေးစပြုသောအခါ ဖြစ်လေသည်။

မြင်းနှစ်ကောင် ကသော ဒေါက်ကပ်ကြီးတစ်စီးသည် တစ်ဖက်တစ်ချက်တွင် အဟောင်းပင်ကြီးများ၊ ကညင်ပင်ကြီးများ စီတန်းပေါက်ရောက်လျက်ရှိသော မြေနီလမ်းကွယ်ကလေးပေါ်၌ တောင်ဘက်သို့ ဦးတည်ကာ တငြိမ့်ငြိမ့်လိမ့်လျက်ရှိသည်။

မြင်းခွာသံနှင့်အတူ ပေါ်ထွက်လာသော လှည်းဘီးကြိတ်သံတို့သည် တောင်ဘက်အရပ်ဆီမှ မုတ်သုံလေဦးတွင် မြူးထူးလိုက်ပါလာကြသော လှိုင်းသံများကို ဖြိုခွင်းနေသည်ဟု ထင်ရ၏။ ဒေါက်ကပ်နောက်ဘက်တန်း ထိုင်ခုံပေါ်တွင်ကား အသက်ငါးဆယ်ခန့် လူကြီးတစ်ယောက်နှင့် အသက်သုံးဆယ်အတွင်းရှိ လူရွယ်တစ်ဦးသည် စကားတပြောပြောနှင့် ရထားယူဆောင်ရာသို့ လိုက်ပါလာကြ၏။



"ကိုနန္ဒာ...၊ ဒီနေ့တော့ ကျုပ်တို့ ဓားကစားဖို့ အချိန်ရတော့မယ် မထင်ဘူး။ ခုတောင် နေအတော်နည်းနေပြီ"

အသက်ငါးဆယ်ခန့်လူကြီးက သူ့အိတ်ဆောင်နာရီကို ထုတ်ကြည့်ရင်း သူ့အနီးမှ လူရွယ်အား ပြောလိုက်သောကြောင့် ကိုနန္ဒာဟု အခေါ်ခံရသူ လူရွယ်က–

"ဒီနေ့ ဓားမကစားရရင်လည်း ကိစ္စမရှိပါဘူး ဦးရဲ့။ ဦး တက်ပေးမယ်ဆိုတဲ့ ဗျူဟာစက္ကိပ္ပို့သာ ဒီနေ့ညတက်ရရင် ကျေနပ်ပါပြီ" ဟု အေးဆေးစွာ ပြန်ပြောလိုက်သဖြင့်...

"ဒါဖြင့် ကောင်းပြီလေ...၊ ညရှစ်နာရီလောက်သာ အိမ်ဘက်လာခဲ့၊ ခြံဝကနေပြီး ဦးသီဟ... ဦးသီဟလို့ ခေါ်လိုက်ရင် ကျုပ်လူတွေက တံခါးဖွင့်ပေးပါလိမ့်မယ်..." ဟု အသက်ငါးဆယ်ခန့်လူကြီးက သဘောတူညီချက်ပေးလိုက်၏။

ဦးသီဟကား သျှောင်တစောင်းတွင် ခေါင်းပေါင်းကို အုပ်ပေါင်းပေါင်းလျက် ကျယ်ပြန့်သော မဟာနဖူး၊ ထူထဲသော မျက်ခုံး၊ ကော့၍ထောင်တက်နေသော နှုတ်ခမ်းမွေး၊ ကြီးမားသော မေးရိုးတို့ကြောင့် ရင့်ကျက်သည့် ဣန္ဒြေကို ဆောင်နေ၏။ သည်အထဲတွင် အရပ်ကလည်း ထောင်ထောင်မောင်းမောင်း၊ ကိုယ်ခန္ဓာကလည်း သန်သန်မာမာပင် ရှိနေသောကြောင့် အသက်ငါးဆယ်အရွယ်သို့ ရောက်နေလင့်ကစား တစ်ဖက်သား၏ ကြောက်လောက်သည့် အသွင်သဏ္ဌာန် ပေါ်နေလေသည်။

သူသည် အလုပ်အကိုင်အားဖြင့် ဆန်စပါးအရောင်းအဝယ်၊ သစ်အရောင်းအဝယ်အလုပ်ကို လုပ်ကိုင်နေသော ကုန်သည်တစ်ဦးပင် ဖြစ်သော်လည်း သူ၏ ဥပမိ၊ သူ၏ဣန္ဒြေ၊ သူ၏ နေထိုင် ဆက်ဆံပုံတို့ကို ကြည့်၍ သံတွဲနယ်သူနယ်သားများက သူ့အား မြန်မာမျိုးမျိုးမတော်နွယ်ထဲမှ ဆင်းသက်ပေါက်ဖွားလာသူ တစ်ဦးဟု ယူဆယုံကြည်နေကြလေသည်။

ဤသို့ ယုံကြည်ရန်အတွက်လည်း တစ်ဖက်တစ်လမ်းမှ ဖြစ်နိုင်စရာ အကြောင်းအချက်များက ပေါ်ထွက်နေ၏။ ဤရခိုင်ပြည် သံတွဲမြို့နယ်သို့ ဦးသီဟရောက်လာသည့်အချိန်မှာ အထက်မြန်မာပြည် မန္တလေးနေပြည်တော်၌ သီပေါမင်း နန်းတက်စမင်းညီမင်းသား လေးဆယ်ကျော် အသတ်ခံရသည့်အချိန်နှင့် မရှေးမနှောင်းပင် ဖြစ်နေလေသည်။

ကိုနန္ဒာမှာမူ လွန်ခဲ့သော တစ်လခန့်ကမှ သံတွဲမြို့သို့ ရောက်ရှိလာသော အင်္ဂလိပ်သစ်ကုမ္ပဏီတစ်ခုမှ အဝယ်တော်ကလေးတစ်ဦး ဖြစ်သည်။

ဦးသီဟမှာ မြို့ထဲတွင် အလုပ်ရုံဖွင့်ထားလျက် အမြဲတစေ နေထိုင်သောအခါ၌ကား မြို့နှင့်လေးမိုင်ခန့်ကွာသော ငပလီကမ်းခြေရှိ ငပလီရွာငယ်တွင် တိုက်အိမ်ကြီးတစ်လုံးနှင့် အေးအေးလူလူ နေထိုင်သောကြောင့် သံတွဲနယ်ဘက်သို့ရောက်စ ကိုနန္ဒာမှာလည်း အရောင်းအဝယ်အဆက်ဆံ မများသေးသည့်အလျောက် ဦးသီဟထံတွင် နည်းနာခံရင်း ဦးသီဟ နေထိုင်သည့် ငပလီရွာတွင်ပင် လာရောက်တည်းခိုနေထိုင်လျက် ရှိလေသည်။

ရထားသည် ရွာထဲသို့ ဝင်လာခဲ့ပြီးနောက် သပ်ရပ်သော အိမ်ကလေးတစ်အိမ်ရှေ့တွင် ရပ်လိုက်၏။ ထိုအိမ်ကား ကိုနန္ဒာအတွက် အင်္ဂလိပ်သစ်ကုမ္ပဏီက နေရာချပေးထားသော အိမ်ကလေးပင် ဖြစ်လေသည်။

"ကဲ ဦးသီဟ၊ ထမင်းစားပြီးမှပဲ ဗျူဟာစက္ကီပျို့တက်ရအောင် လာခဲ့မယ်"

ကိုနန္ဒာသည် ရထားပေါ်မှဆင်းရင်း ဦးသီဟအား ပြောလိုက်၏။ ဦးသီဟသည် ခေါင်းတဆတ်ဆတ်ညိတ်ကာ ထိုနေရာမှ ထွက်ခွာသွားပြီးနောက် မိုင်ဝက်ခန့်အကွာတွင်ရှိသော နှစ်ထပ်တိုက်ကြီးတစ်ခုရှေ့တွင်

ရထားကို ရပ်တန့်လိုက်၏။

စိမ်းစိုသောအုန်းပင်များဖြင့် ဝန်းရံလျက်ရှိသော တိုက်ကြီးကား တိုက်ရိုးရိုးနှင့်မတူ၊ ရှေးအခါက မြို့စားကြီးများ နေထိုင်ခဲ့သည့် ရဲတိုက်ကြီးနှင့်သာ တူနေလေသည်။ အခန်းတိုင်းမှာပင် ခေတ်မီးများဖြင့် ထိန်လင်းလျက်ရှိခြင်းအားဖြင့် ဦးသီဟသည် အဘယ်မျှ ချမ်းသာသူတစ်ဦးဖြစ်ကြောင်းကို ခန့်မှန်းနိုင်၏။

ရထား ရပ်တန့်လိုက်သည်နှင့်တစ်ပြိုင်နက် ခိုင်ခံ့ထူထဲသော ဝင်းခြံတံခါးကြီးပွင့်လာပြီး ခြံဝတွင်စောင့်နေသော လူနှစ်ယောက်သည် ဦးသီဟအား ဦးခေါင်းညွတ်၍ အရိုအသေပြုလိုက်ကြ၏။

ဦးသီဟသည် ၂ ထပ်တိုက်ကြီး၏အလယ်တည့်တည့်တွင်ရှိသော လှေကားမှ မိမိအဆောင်ရှိရာအပေါ်ထပ်သို့ တက်ရောက်သွားလေသည်။ တိုက်အိမ်ကြီး၏ လက်ဝဲဘက်တွင် အဆောင်နှစ်ဆောင်ကို ဆက်သွယ်ဆောက်လုပ်ထားပုံမှာ တစ်မျိုးဆန်းကြယ်သည်ဟု ထင်မှတ်ရ၏။ ဦးသီဟ၏အဆောင်တွင်မူကား စာကြည့်ခန်း၊ တရားအားထုတ်ခန်း၊ ရှေးဟောင်းလက်နက်ကိရိယာများ ပြထားသည့်ပြခန်း စသည်ဖြင့် ခမ်းနားသပ်ရပ်လှပေသည်။

ဤပြခန်းနှင့် စာကြည့်ခန်းတွင် ဦးသီဟမြတ်နိုးသော စာအုပ်နှင့် လက်နက်များကို တွေ့မြင်နိုင်သော်လည်း တိုက်အိမ်ကြီး၏ လက်ဝဲဘက် အဆောင်နှစ်ဆောင်ထဲရှိ အခြားသော ဦးသီဟမြတ်နိုးသည့် အရာနှစ်ခုကိုမူ လူတိုင်းမြင်တွေ့နိုင်ရန် ခဲယဉ်းပေသည်။

(၂)

ညရှစ်နာရီထိုးရန် ဆယ်မိနစ်ခန့်အလိုတွင် ကိုနန္ဒာသည် အောက်ထပ်ရှိ ဦးသီဟ၏စာသင်ခန်းသို့ ရောက်လာခဲ့လေသည်။

ကျောင်းသားကလေးတစ်ယောက်သည် ဆရာကြီးရှေ့မှောက်သို့ ကြောက်ကြောက်နှင့် ရောက်လာရသကဲ့သို့ ကိုနန္ဒာသည် ဦးသီဟကဲ့သို့ ပင် ကုန်သည်တစ်ဦး ဖြစ်လင့်ကစား ဦးသီဟ၏အရှိန်အဝါကို ရွံ့ ကြောက်နေမိသည်။ ထိုကြောင့်လည်း ကိုနန္ဒာ၏အမူအရာမှာ ကျောင်း သားကလေးတစ်ယောက်၏ အမူအရာမျိုး ဖြစ်နေလေသည်။ သူ၏ လက်တွင်ကား မြန်မာအမတ်ကြီး လက်ဝဲသုန္ဒရ စီရင်ရေးသားသော အလောင်းမင်းတရားကြီးနှင့်တကွ ရှေးမြန်မာမင်းအဆက်ဆက်တို့၏ စစ်ဆင်စစ်ခင်းနည်းအတတ်များကို ဖော်ပြထားသည့် ဗျူဟာစက္ကိမျို့ စာအုပ်ကို ကိုင်ထား၏။

စာသင်ခန်းတွင် အသုံးအဆောင်များများမရှိ၊ စားပွဲကြီးတစ်လုံး နှင့် ကုလားထိုင်လေးငါးလုံးခန့်သာ ရှိလျက် နံရံတစ်ခုပေါ်တွင်ကား ရှေးမြန်မာအဝတ်အစားကို ဝတ်ဆင်လျက် ပူးတွဲရိုက်ကူးထားသော မိန်းမ ပျိုနှစ်ယောက်၏ ဓာတ်ပုံတစ်ခုသာ ရှိလေသည်။

ကိုနန္ဒာသည် ရှစ်နာရီထိုးရန် ငါးမိနစ်ခန့်လိုသေးရကား မိမိ၏ စိတ်ကို သက်သာစေလိုသော သဘောဖြင့် ဓာတ်ပုံထဲမှ မိန်းမပျိုနှစ်ဦး ကို အမှတ်မထင် စိုက်၍ ကြည့်နေမိသည်။

မိန်းမပျိုနှစ်ဦးကား တစ်ယောက်နှင့် တစ်ယောက် ရွေးမရအောင် တူလှသည်။ မျက်နှာသွယ်ပုံ၊ နှာတံစင်းပုံ၊ ပါးစပ်ကလေးများ ပြုံးနေပုံ မှစ၍ ကိုယ်နေကိုယ်ထား အရပ်အနိမ့်အမြင့်ချင်းလည်း တူလှပေသည်။

ဦးသီဟတွင် သမီးနှစ်ယောက်ရှိကြောင်းကိုကား ကြားဖူးသလိုလို ရှိခဲ့၏။ သို့သော် ဦးသီဟကိုယ်တိုင်ကမူကား သူ၏သမီးနှစ်ယောက် အကြောင်းကို တစ်ခါမှ ထုတ်ဖော်ပြောကြားခဲ့ခြင်းမပြု။ ကိုနန္ဒာမှာ လွန် ခဲ့သော ဆယ်ရက်လောက်ကမှ ဦးသီဟထံတွင် ဓားရေးကို သင်ကြားခဲ့ သူဖြစ်သည်။ သို့သင်ကြားရာ၌လည်း ဦးသီဟသည် သူ၏အိမ်နှင့်

အတော်ဝေးကွာသော ဥယျာဉ်ထဲတွင် သင်ကြားပေးခဲ့ခြင်းသာ ဖြစ်သော ကြောင့် ဦးသီဟအိမ်ပေါ်သို့လည်း တစ်ခေါက်မျှ ရောက်ဖူးခဲ့ခြင်းမရှိ၊ ယနေ့မှပင် ဦးသီဟက ရှေးမြန်မာတို့၏ စစ်ဆင်စစ်တက်နည်းကို ကျကျ နန သင်ပေးမည်ဟု ပြောသဖြင့် သူ့အိမ်သို့ လာခဲ့ခြင်းဖြစ်သည်။

ကိုနန္ဒာသည် များမကြာမီပင်လျှင် အိမ်ကြီးပေါ်မှ အောက်ထပ် သို့ ဆင်းလာသော ခြေသံများကို ကြားရ၏။

"ဩော်... ကိုနန္ဒာ...၊ ရောက်နှင့်နေမှကိုး..."

ဦးသီဟက အခန်းတွင်းသို့ ဝင်လာရင်း ဧည့်သည်ကို နှုတ်ဆက် လိုက်၏။ သူ၏နောက်နားတွင်ကား ကိုနန္ဒာစိတ်ပုံထဲတွင် မြင်ရသော မိန်းမပျိုနှစ်ယောက်။

ကိုနန္ဒာသည် ဦးသီဟနောက်နားတွင် ကပ်၍လိုက်လာသော မိန်းမပျိုနှစ်ယောက်ကို လှမ်း၍ ကြည့်လိုက်ရာ မိုးသားကင်းစင်သော ကောင်းကင်ပြင်တွင် လမင်းနှစ်စင်း တစ်ပြိုင်နက် ထွန်းလင်းနေသကဲ့သို့ ထင်မှတ်လိုက်ရသည်။ သူသည် မန္တလေးတွင်နေစဉ်က မင်းမျိုးမင်းနွယ် တို့၏ အဆက်အနွယ်တို့ကို မြင်ဖူးလှပြီဖြစ်သော်လည်း သူ ယခုမြင်ရ သော မိန်းမပျိုနှစ်ဦးကဲ့သို့ မဟာဆန်သော ရုပ်မျိုးကို မတွေ့ခဲ့။

"ဒါ... ဦးသမီးနှစ်ယောက်ပဲ၊ ဟောဒါက မြမျက်ချယ်၊ ဟောဒါက လှသက်လှယ်"

ဦးသီဟက သူ့သမီးနှစ်ယောက်ကို အင်္ဂလိပ်လူမျိုးဆန်ဆန် ကိုနန္ဒာနှင့် မိတ်ဆက်ပေးနေပြန်သောကြောင့် ကိုနန္ဒာမှာ အံ့သြ၍မဆုံး ဖြစ်နေလေသည်။ အစက သမီးနှစ်ယောက်ရှိကြောင်းကို နားမှ လေစ မဟာခဲ့သော ဦးသီဟသည် ယခုအချိန်တွင် အနောက်တိုင်းသားပင် ဆန် နေပေပြီ။

"မျက်ချယ်နဲ့ သက်လှယ်ကို ရတုတွေ သင်ပေးပြီးလို့ ပျို့ကို

သင်မလို့ ကြံနေတုန်း ကိုနန္ဒာကလည်း ဗျူဟာစက္ကိုပျို့တက်ချင်တယ်ဆိုတာ နဲ့ သူတို့ပါ တစ်ခါတည်း ရောပြီး ပြရမှာပဲ..."

ဦးသီဟက သူ့သမီးနှစ်ယောက် ခေါ်လာခဲ့သည့် အကြောင်းကို ရှင်းပြပြီး ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်လိုက်၏။ ကိုနန္ဒာနှင့် မျက်ချယ်၊ သက်လှယ်တို့ ညီအစ်မနှစ်ယောက်ပါ ကုလားထိုင်အလွတ် အသီးသီးတွင် နေရာယူလိုက်ကြသည်။

"ကဲ... စ, ကြစို့"

ဦးသီဟက စာအုပ်ကို ဖွင့်လိုက်ပြီ။

"အောင်မြေဒီပါ၊ ကျွန်းလက်ယာထက်၊ မင်္ဂလာအခေါင်၊ ရွှေအရောင်တိ၊ ရွှေတောင်လျှံပြေး၊ မန္တလေးက၊ ချိုကြွေးနှမော်၊ ဗျာဒိတ်တော်ဖြင့်၊ ပြည်ကျော်ဌာန၊ အမရကို၊ တောက်ပဝင်းဝင်း၊ အောင်မြေနင်း၍..." ဟူသော ဗျူဟာစက္ကိုပျို့ ပထမပိုင်းမှ အစပိုဒ်ကို လျှောက်၍ဖတ်နေသော ကြောင့် ကိုနန္ဒာလည်း မျက်စိအစုံကို စာအုပ်ပေါ်သို့ စိုက်၍ ချထား လိုက်ရလေသည်။ ။

## (၃)

အထက်ရှုပ်၍ အောက်ခြေရှင်းနေသော အုန်းတောကြီး၏ အရိပ် အောက်ဝယ် ဦးသီဟတစ်ယောက်သာ မပါပါက ကျန်ရှိသောသူ သုံးဦး သည် လူသတ္တဝါမှ ဟုတ်ပါလေစဟု ယိုးမှားထင်မှတ်ဖွယ်ရှိသည်။

အပြာရောင်ပင်လယ်နှင့် ကောင်းကင်ကို နောက်ခံကားချပ်သဖွယ် ထား၍ စိမ်းညို့သော အုန်းတော၊ ထိုအုန်းတောအလယ်မှ ရွှေဝါရောင် ညီအစ်မနှစ်ဖော်၊ သူတို့နှစ်ယောက်အနီးတွင်ကား ခံ့ချောချောသော ကိုနန္ဒာ၊ သူတို့သည် ပျော်ပွဲစား ထွက်လာခဲ့ကြခြင်း ဖြစ်လေသည်။

"ကဲ မြမျက်ချယ်၊ ဟောဒီ စပျစ်သီးကလေး စားလိုက်စမ်းပါ။

စားလေ လှသက်လှယ်၊ ဒီတစ်ပတ် သဘော်ကြုံတာနဲ့ မောင်ကြီးတို့ ကုမ္ပဏီက ဒီမှာရှိတဲ့ အရာရှိကြီးတွေအတွက် လက်ဆောင်ပေးရင်း မောင်ကြီးဖို့ပါ ထည့်ပို့လိုက်တာ"

ကိုနန္ဒာက အထူးစေတနာကောင်းနေလေသည်။ ဦးသီဟကား စပျစ်သီးကို မြို့ရင်း အုန်းတောကို ဖြတ်၍ ပင်လယ်ပြင်သို့ ငေးစိုက်နေလေသည်။

"မြမျက်ချယ်၊ ခု မောင်ကြီးတို့ 'စစ်ပျို' ပေါ့နော်"

ကိုနန္ဒာက သူသင်ကြားထားသော ဗျူဟာစက္ကိပျို့မှ စကားလုံး တစ်လုံးကို ကိုးကား ရည်ညွှန်း၍ ပြောလိုက်၏။ 'စစ်ပျို' ဆိုသည်မှာ စစ်သည်တော်များ နေ့ရက်ကြာညောင်း၍ အစားအစာ ဆွံ့ရှားနေသော အခါ တိုင်းတော်ပြည်တော်မှ စားရေရိက္ခာတို့ သယ်ယူ၍ ကျွေးမွေးခြင်း ပင် ဖြစ်သည်။

မြမျက်ချယ်က မြလက်စွပ် ဝတ်ထားသော ဘယ်လက်ကလေး ဖြင့် သူ့ပါးစပ်ကလေးကို မလုံ့တလုံပိတ်ကာ တခစ်ခစ် ရယ်လိုက်ပြီး

"စစ်ပျိုမဟုတ်ပါဘူး မောင်ကြီး နန္ဒာ...၊ စစ်ရှင်ပါ"

'စစ်ရှင်' ဆိုသည်မှာ အခြားတိုင်းပြည်ကို အောင်မြင်သောအခါ စစ်သည်သူရဲတို့အား ထိုတိုင်းပြည်မှ ထိုက်သင့်သော ပစ္စည်းဥစ္စာတို့ကို ယူခွင့်ပေး၍ ဘုရင်မင်းမြတ်မှုကား မိမိလိုရာ ဘဏ္ဍာပစ္စည်းကို မိမိ သဘောအလျောက် ရွေးချယ်ယူနိုင်ခြင်းဖြစ်သည်။

"စစ်ရှင်ဟုတ်လား...၊ စစ်ရှင်ရအောင် မောင်ကြီးတို့က ဘယ် တိုင်းပြည်မှ တိုက်လည်း မတိုက်ရသေး၊ နိုင်လည်း မနိုင်သေးဘဲနဲ့"

"တိုက်ရင်နိုင်မယ်လို့ သိနေရတဲ့ တိုင်းပြည်ကိုမှ ဝင်ပြီး မတိုက် သေးတာ စစ်ဘုရင်ညွှံ့လို့ပေါ့"

"အင်း... အင်း... ဟုတ်ပါလိမ့်မယ်...၊ တိုက်ရင် နိုင်မယ်ဆိုရင်

တော့ တိုက်မယ့်လူချည်းပဲပေါ့ဗျာ၊ မဟုတ်ဘူးလား လှသက်လှယ်"

"ဟုတ်တယ်" လှသက်လှယ်က ဝင်ပြောလိုက်၏။ "ဒါပေမဲ့ မောင်ကြီးတို့လို စစ်တိုက်ဖို့ ကြောက်တဲ့လူဆိုရင်တော့ ဘယ်လိုပဲ တိုက်တိုက် နိုင်မှာ မဟုတ်ဘူး"

"အေးဗျာ... ကြောက်တယ် မကြောက်ဘူးဆိုတာတော့ စစ်မြေပြင်ရောက်မှပဲ သိရမှာပေါ့...။ ကဲ... လာလာ လှိုင်းစီးထွက်ကြရအောင်"

ကိုနန္ဒာက ပြောပြောဆိုဆို လှေရှိရာ ကမ်းစပ်သို့ ထွက်လာသောကြောင့် မြမျက်ချယ်နှင့် လှသက်လှယ်တို့ ညီအစ်မပါ နောက်က လိုက်လာကြလေသည်။

"ကဲ... လေလည်း အငြိမ်သားပဲ၊ ဟိုဘက် ကျွန်းဆွယ်ကလေးထိ သွားရအောင်"

ကိုနန္ဒာက ပဲ့မှလှော်ရင်း တစ်မိုင်ခန့်ဝေးသော ကျွန်းဆွယ်ကလေးကို ညွှန်ပြလိုက်၏။ မြမျက်ချယ်တို့ ညီအစ်မနှစ်ယောက်က အုန်းတောထဲတွင် ထိုင်၍ ကျန်ရစ်ခဲ့သော ဦးသီဟဆီသို့လှမ်းကြည့်ပြီးနောက် ကိုနန္ဒာ၏ အကြံပေးချက်ကို ခေါင်းညိတ်လိုက်ကြ၏။

လှေကလေးသည် လှိုင်းခေါင်းဖြူကြီးများပေါ်တွင် တအိအိ ရွေ့လျားရင်း ကျွန်းဆွယ်ကလေးနှင့် နီးလာလေသည်။ ကျောက်တန်းများပေါ်တွင် ပေါက်နေသော ကျောက်ခက် ကျောက်ပန်းကလေးများမှာ နေရောင်တွင် တောက်ပနေ၏။ ကျွန်းဆွယ်ကလေး၏ အခြား အကွေ့တွင် ပင်လယ်ခိုများ ရစ်ဝဲပျံသန်းနေကြ၏။

လှေဦးသည် ဖြူလွလွသဲသောင်ပြင်ပေါ်သို့ မှေးတင်လိုက်၏။ ကိုနန္ဒာသည် လှေဦးပေါ်မှ ကျောက်တုံးကို ကမ်းစပ်ပေါ်သို့ ချထားလိုက်ပြီး မြမျက်ချယ်နှင့် လှသက်လှယ်တို့ ညီအစ်မဘက်သို့ လှမ်းတဲ့ကာ

"မောင်ကြီးတော့ ဒီဘက်ကျွန်းစွယ်ကလေး ရောက်အလာ ဒဂုန်

ကနေ သံလျင်ကူးပြီး မွေ့နွန်းနဲ့ တွေ့ခဲ့တဲ့ နန္ဒာမင်းသားကို သွားသတိရ မိတယ်...” ဟု ပြောလိုက်သောကြောင့် လှသက်လှယ်က...

“အမယ်... မောင်ကြီးကလည်း၊ ကိုယ့်ဟာကိုယ် မင်းနန္ဒာကိုယ်တော်ကြီးများ ဝင်စားတယ် ထင်နေတယ်နဲ့ တူတယ်။ ဒါဖြင့်လည်း သံလျင်ထိပ်ထားမွေ့နွန်းမင်းသမီးတစ်ပါးတော့ ရှာပေးရဦးမယ်” ဟု ခနဲ့တဲ့တဲ့ ပြောလိုက်သဖြင့် မြမျက်ချယ်ကလည်း အားကျမခံ...

“ဟုတ်တယ်...၊ မောင်ကြီးဟာ ရှေးရှေးတုန်းက မင်းနန္ဒာကိုယ်တော်ကြီး ဝင်စားတာဖြစ်မှာပဲ၊ မွေ့နွန်းထိပ်ထားကလေးတော့ ဒီကျွန်းပေါ်ကပဲ မောင်ကြီးကို မျှော်နေသလား မသိပါဘူး။ တစ်ကျွန်းလုံးပတ်ပြီး ရှာကြည့်ရအောင်” ဟု လေပြေထိုးလိုက်ပြန်သောအခါ ကိုနန္ဒာမှာ မနေသာတော့ဘဲ

“ဟို... ရှေးရှေးတုန်းက မွေ့နွန်းထိပ်ထားဆိုတာ မြမျက်ချယ်တို့၊ လှသက်လှယ်တို့ ညီအစ်မလောက် လှမယ် မထင်ပါဘူးဗျာ။ မောင်ကြီးသာ မင်းနန္ဒာကိုယ်တော်ကြီးဆိုရင်တော့...” ဟု စကားဆက်ရမည်ခက်သဖြင့် ရုတ်တရက်ဖြတ်ထားလိုက်သည်တွင် မြမျက်ချယ်ရောလှသက်လှယ်ပါ ပြိုင်တူလိုလိုပင်...

“မောင်ကြီးသာ မင်းနန္ဒာ ကိုယ်တော်ကြီးဆိုရင် မွေ့နွန်းထိပ်ထားကို ပစ်သွားနိုင်မှာ မဟုတ်ပါဘူး” ဟု ရယ်ရယ်မောမော ပြောလိုက်သောကြောင့် ကိုနန္ဒာလည်း ချေပစရာစကားစရှာ၍ မတွေ့သဖြင့် မြမျက်ချယ်တို့ ညီအစ်မနှင့် ရောနှော ရယ်မောလိုက်ရလေသည်။

ကျွန်းဆွယ်ကလေးတစ်ဝိုက်တွင် သုံးဦးသား ရယ်မောလိုက်သောအသံက ပဲ့တင်ရိုက်၍ မဆုံးမီ တဒိုင်းဒိုင်း ပစ်ခတ်လိုက်သော သေနတ်သံများ ပေါ်ထွက်လာ၏။ ကိုနန္ဒာသည် မြမျက်ချယ်တို့ညီအစ်မနှစ်ယောက်ကို တစ်ပြိုင်တည်းဆွဲ၍ မြေကြီးပေါ်သို့ တွန်းလှဲပြီးနောက် သူကိုယ်တိုင်

ပါ ပြားပြားမှောက်ချလိုက်၏။

ကျည်ဆန်များသည် သူတို့ခေါင်းပေါ်မှ တဝီဝီမြည်၍ ဖြတ်ကျော်သွားကြလေသည်။

ကိုနန္ဒာသည် ခါးထဲမှ ခြောက်လုံးပြူးသေနတ်ကို ဆွဲထုတ်ပြီးနောက် ရှေ့သို့ တွား၍ တက်လိုက်၏။ တစ်ဖက်မှ ရန်သူသည် အရိပ်အကဲကို စောင့်ကြည့်နေသကဲ့သို့ ထင်ရ၏။ အပစ်အခတ် ရပ်နေပြန်သည်။

"သတ္တိရှိရင် ပစ်စမ်းဟေ့..."

ကိုနန္ဒာက အော်ဟစ်ရင်း ရှေ့သို့ တိုးလိုက်ပြန်သည်။ တစ်ဖက်မှ ပစ်လွှတ်လိုက်သော ကျည်ဆန်တစ်ခုသည် ကိုနန္ဒာအကာအကွယ်ယူလိုက်သော သစ်ပင်ခြေရင်းအနီးမှ ကျောက်တုံးကလေးကို ထိမှန်ပေါက်ကွဲသွားလေသည်။ ကိုနန္ဒာသည် သစ်ပင်ခြေရင်းကို အကာအကွယ်ယူရင်း ရန်သူကျည်ဆန်လာရာဘက်သို့ နှစ်ချက်တိတိဆက်၍ ပစ်လိုက်ပြီးနောက် သစ်ပင်ခြေရင်းမှနေ၍ သူနှင့် ဓားလွယ်ခုတ်နှစ်လံအကွာလောက်တွင် ရှိသော ကျောက်တုံးကြီးဘေးသို့ ပြေးကပ်လိုက်၏။ ရန်သူ့ကျည်ဆန်များသည် သူ အကာအကွယ်ယူခဲ့သော သစ်ပင်ခြေရင်းကို သွား၍ ထိမှန်ကြလေသည်။

"ဗျို့ ကိုနန္ဒာ၊ သတိမလစ်စေနဲ့၊ ကျုပ်တို့လာပြီ"

ရေလယ်မှနေ၍ ဟစ်အော်ပြောလိုက်သော ဦးသီဟအသံကို ကြားရ၏။ ကိုနန္ဒာသည် ရန်သူဘက်သို့ နားစွင့်လိုက်ပြီး နောက်တစ်ချက်ထပ်၍ ပစ်လိုက်၏။ ရန်သူဘက်မှ ပစ်ခတ်သံများ စဲသွားလေသည်။

ကျွန်းဆွယ်ကမ်းစပ်ပေါ်သို့ လှေတစ်စင်း ထိုးဆိုက်လိုက်ပြီးနောက် ဦးသီဟနှင့်အတူ တပည့်လေးငါးခြောက်ယောက်ကို သေနတ်ကိုယ်စီနှင့် မြင်ရလေသည်။

"ဗျို့... ဦးသီဟ...၊ ကျွန်တော်တို့ ဒီမှာ..."

ကိုနန္ဒာက အသံပြုလိုက်သောကြောင့် ဦးသီဟနှင့် နောက်လိုက် တပည့်များသည် ကိုနန္ဒာတို့ နေရာသို့ ရောက်လာကြ၏။

"ဒီကောင်တွေ ဒီလောက်ဆို ထွက်ပြေးကြပါပြီ"

ကိုနန္ဒာက ဆီးကြို၍ပြောလိုက်လေသည်။ ဦးသီဟသည် အနည်း ငယ်မျှ တုန်လှုပ်ဟန်မပြဘဲ သူ့သမီးနှစ်ယောက်ကို အားပေးစကားပြော နေရာမှ ကိုနန္ဒာဘက်သို့ လှည့်၍...

"သတ္တိရှိတဲ့ လူစားတွေ မဟုတ်နိုင်ပါဘူး ကိုနန္ဒာ" ဟု ကိုနန္ဒာ၏ စကားကို ထောက်ခံ၍ ပြောဆိုလိုက်၏။

"ကိုင်း... ကိုင်း... ပြန်ကြရအောင်..."

လေးနှစ်စင်းသည် ရှေ့ဆင့်နောက်ဆင့် ကမ်းခြေသို့ လှော်ခတ် ခဲ့ကြလေသည်။ ။

## (၄)

"စစ်မှာ အစီအရင် ၇ ပါးရှိတယ်"

စားပွဲထိပ်တွင်ထိုင်နေသော ဦးသီဟက ကိုနန္ဒာနှင့် မျက်ချယ်၊ သက်လှယ် ညီအစ်မနှစ်ယောက်အား ရှေးမြန်မာတို့၏ စစ်အစီအစဉ်ကို စီကာပတ်ကုံး ရှင်းပြနေ၏။ ညမှာ တိတ်ဆိတ် ငြိမ်သက်လှသဖြင့် ဦးသီဟ၏ အသံသည် ပို၍ကျယ်လောင်သည်ဟု ထင်ရသည်။

ဦးသီဟသည် လက်ချိုးရေတွက်ရင်း

"စစ်အစီအစဉ် ၇ ပါးဆိုတာဟာ စစ်အင်္ဂါ၊ စစ်ချီ၊ စစ်ကပ်၊ စစ်ထိုး၊ စစ်ခံ၊ စစ်ဖျက်၊ စစ်ပြန် အဲဒီ ၇ ပါးကနေပြီး တစ်ခုစီတစ်ခုစီ ခွဲထုတ်လိုက်ရင် စစ်အင်္ဂါဆိုတာမှာ ၇ မျိုး၊ စစ်ချီတာမှာ ၄ မျိုး၊ စစ်ကပ်တာမှာ ၂ မျိုး၊ စစ်ထိုးတာမှာ ၆ မျိုး၊ စစ်ခံတာ ၆ မျိုး၊ စစ်ဖျက်တာ ၆ မျိုး၊ စစ်ပြန်တာ ၃ မျိုးဆိုပြီး ရှိပြန်တယ်"

"စစ်ထိုးတဲ့ ၆ မျိုးက ဘယ်လိုဟာမျိုးလဲဦး"

"ဂဠုန်တောင်လို၊ ရေယဥ်လို၊ နွားလားဥသဘလို၊ လေးညှို့လို၊ မကန်းကွက်လို၊ မြွေတွားသလို စစ်ထိုးခြင်းဆိုပြီး ၆ မျိုး ရှိတယ်"

"ကိုယ့်ရန်သူက ကိုယ့်ကို ဦးပြောတဲ့နည်း ၆ မျိုးနဲ့ စစ်ထိုးပြီဆိုပါတော့၊ ကိုယ်က ဘယ်လိုစစ်ခံရမလဲ"

"စစ်ထိုးခြင်း ၆ မျိုးကို စစ်ခံခြင်း ၆ မျိုးနဲ့ ခံနိုင်တာပေါ့ ကိုနန္ဒာ။ ရင်ပေါင်တန်းငှက်လို၊ ကင်းလက်မလို၊ လှည်းဦးကင်းလို၊ ပျားလပို့ လို၊ ကျီးခြေလို၊ ခုံလောက်လို စစ်ခံခြင်း ခြောက်မျိုးရှိတယ်"

"တကယ်လို့ ရန်သူက ဦးပြောတဲ့ ခံစစ်ခြောက်မျိုးနဲ့ ခံနေပါပြီတဲ့၊ ကျွန်တော်တို့က အဲဒီခံစစ်ကို ဘယ်လို ဖျက်နိုင်မလဲ"

"ဒီလိုဖျက်ဖို့ကျတော့လည်း နည်းရှိတာပါပဲ ကိုနန္ဒာ၊ ရန်သူက လှည်းဦးကင်းစစ်နဲ့ ခံနေရင် ကိုယ်က ဂဠုန်တောင်စစ်နဲ့ဖျက်၊ ရန်သူက ခုံလောက် သဏ္ဌာန်စစ်နဲ့ ခံနေရင်ကိုယ်က ဥသဘစစ်နဲ့ဖျက်၊ ရန်သူက ရင်ပေါင်တန်းစစ်နဲ့ဖြစ်ဖြစ်၊ ကင်းလက်မစစ်နဲ့ ဖြစ်ဖြစ် ခံနေရင် ကိုယ်က ရေယာဉ်စစ်နဲ့ ဖျက်ရတယ်။ ရန်သူက ကျီးခြေစစ်နဲ့ ခံရင် မကန်းစစ်နဲ့ ဖျက်။ ပျားလပို့ စစ်နဲ့ခံရင် မြွေတွားစစ်၊ လေးညှို့စစ်နဲ့ ဖျက်နိုင်တာပေါ့..."

"ဒီပြင် စစ်တိုက်နည်းများ ရှိသေးလား ဦး..."

"ဟာ... ရှိတာပေါ့ ကိုနန္ဒာ...၊ ဟိုတစ်နေ့က တိုက်တဲ့ဟာမျိုးဆိုရင် ကာကဗျူဟာခေါ်တဲ့ တိုက်နည်းပေါ့"

ကိုနန္ဒာက ခေါင်းကို တစ်ချက်ကုတ်လိုက်ပြီး...

"ကာကဗျူဟာဆိုတာ ဘယ်လိုဟာ ခေါ်သလဲဦး"

"ကာကဗျူဟာဆိုတာ ကျီးရဲ တိုက်နည်းပေါ့။ ကျီးရဲဟာ လူပုံထဲကို ပျံဝဲပြီး ငါးတွေ၊ အမဲသားတစ်တွေကို သုတ်ယူသလိုပဲ ကိုယ့်ဘက်က စစ်အင်အားနည်းပေမဲ့ သူ့ဘက်က စစ်သည်အများကြားထဲကို

ရတ်တရက်ဝင်ပြီးလိုက်လံ တိုက်ခိုက်တဲ့ နည်းမျိုးပေါ့။ ကိုနန္ဒာ ဟိုနေ့က တိုက်တာလည်း ဒီနည်းပဲ မဟုတ်လား"

"ကျွန်တော်တော့ ဘယ်နည်းမှန်း မသိပါဘူးဦး။ မျက်ချယ်နဲ့ သက်လှယ်တို့ ညီအစ်မနှစ်ယောက် ပါနေတာနဲ့ပဲ အရဲစွန့်လိုက်ရတာပါ၊ တကယ်တော့ ကျွန်တော် ကျီးရဲတိုက်နည်းလည်း မသိ၊ ကျီးရဲလို လည်း သတ္တိမရှိပါဘူး"

ဦးသီဟက တစ်ချက်ပြုံးလိုက်ပြီး...

"အင်း... ကိုနန္ဒာက သတ္တိမရှိပေလို့ပဲ...၊ သတ္တိများရှိရင်" ဟု ဆိုကာ စကားကို အဆုံးမသတ်ဘဲ ကိုနန္ဒာကို အဓိပ္ပာယ် တစ်စုံတစ်ရာ သက်ရောက်သော အကြည့်မျိုးဖြင့် တစ်ချက်မျှ စူးစိုက်၍ ကြည့်လိုက် သောကြောင့် ကိုနန္ဒာကလည်း...

"ဒီလောက်နဲ့တော့ သတ္တိရှိတယ်လို့ ခေါ်နိုင်မယ် မထင်ပါဘူး ဦးရယ်၊ ဒါမျိုးလောက်တော့ သူသူငါငါ လုပ်နိုင်လောက်တဲ့ အလုပ်မျိုး ပါ။ ဦးတို့ လုပ်ခဲ့တဲ့ အလုပ်မျိုးသာ သတ္တိရှိတယ်လို့ မှတ်တမ်းတင် လောက်တာပါ..." ဟု ပြောလိုက်ရာ ဦးသီဟသည် ထိုင်ရာမှ ဖြုန်းခနဲ ရပ်လိုက်ပြီး...

"ကိုနန္ဒာ ဘာပြောတယ်၊ ဦးတို့ လုပ်ခဲ့တဲ့ အလုပ် ဘာအလုပ်ကို ဆိုလိုတာလဲ" ဟု အလျင်စလို မေးလိုက်လေသည်။ ကိုနန္ဒာက လေ အေးအေးနှင့်ပင်...

"ဩော်... တခြား ဟုတ်ပါရိုးလား ဦးရယ်၊ သေနတ်တွေ တဒိန်းဒိန်း ပစ်နေတဲ့ကြားက ကျွန်တော်တို့ ရောက်နေတဲ့ ကျွန်းဆွယ်ကို ကူးလာဝံ့တာဟာ နည်းတဲ့ သတ္တိလား" ဟု အဖြေပေးလိုက်သည့်တိုင် ဦးသီဟ၏ မျက်နှာပေါ်တွင် ကိုနန္ဒာ၏ အဖြေကို မကျေမချမ်းဖြစ်နေသည့် အရိပ်လက္ခဏာများ ပေါ်နေလေသည်။

ထိုအခိုက်တွင် စာသင်ခန်းတံခါးသည် ရုတ်တရက်ပွင့်သွားပြီး နောက် အသက်ငါးဆယ်ကျော်ခန့် ပိန်ပိန်ရှည်ရှည် လူတစ်ယောက် သည် အတွင်းသို့ ဝင်လာလေသည်။

ဦးသီဟသည် ဝင်လာသူကို မြင်လိုက်ရသည်နှင့် တစ်ပြိုင်နက် ကျားကို မြင်လိုက်ရသော သမင်၊ ခြသေ့်ကို မြင်လိုက်ရသော မြေခွေး ကဲ့သို့ တစ်ကိုယ်လုံး တဆတ်ဆတ်တုန်နေသော်လည်း တတ်နိုင်သမျှ ဟန်ဆောင်ကာ-

"ဟော့ ဖိုးကျော်၊ ငါကတော့ မင်း သေပြီ သတင်းကြားလို့" ဟူသော စကားကို အထစ်ထစ်အငေါ့ငေါ့နှင့် ပြောလိုက်၏။ ဝင်လာသူ သည် မြမျက်ချယ်နှင့် လှသက်လှယ် ညီအစ်မနှစ်ယောက်အား မျက်ရည် ပြည့်လျှမ်းသော မျက်စိအစုံဖြင့် ကြည့်လိုက်ပြီး တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချပြီးသူကဲ့သို့ ခါးတွင် ပတ်ထားသော သံပြားရှည်ရှည်ကို ဖြုတ်လိုက် ၏။ သူ့လက်ထဲသို့ ရောက်သောအခါတွင်ကား ထိုသံပြားသည် ထက် သော ဓားတစ်ချောင်းဖြစ်ကြောင်းကို ကိုနန္ဒာက သိရှိလိုက်လေသည်။

"ဟော့... ငကျွဲ"

ဝင်လာသူက ဦးသီဟအား မိုးချုန်းသံကြီးဖြင့် ခေါ်လိုက်၏။

"နင်ကများ... မင်းထိုက် စိုးတန် နာမည်ခံပြီး ပုန်းနေရင် လွတ် မယ် ထင်နေတာ အံ့သကွာ။ ဖိုးကျော့်အကြောင်း ငယ်ပေါင်းကြီးဖော် အချင်းချင်း အစင်းသား သိဖို့ ကောင်းတယ်...။ ဟော့... နင်နဲ့ ငါနဲ့ ဓားပြတိုက်လို့ ရတဲ့ရွှေတွေ ဘယ်မှာထားသလဲ ပြောစမ်း"

ဝင်လာသူက လက်ထဲမှ ဓားကို တယမ်းယမ်းလှုပ်ရင်း မေးလိုက် ၏။ ဦးသီဟသည် ကြမ်းပြင်ပေါ်ထိုင်ချပြီး...

"ဖိုးကျော်ရယ်... ဒီတစ်ခါတော့ ငါ့အသက်ကို ချမ်းသာပေးပါ၊ မင်းရော ငါရော အသက်ကြီးလှပါပြီ...၊ မင်းရွှေတွေလည်း ငါကောင်း

ကောင်း သိမ်းထားပါတယ်" ဟု ပြောလိုက်သောကြောင့် ဝင်လာသူက အသံသြကြီးဖြင့် မခန့်လေးစားရယ်လိုက်ကာ...

"အေးအေး... အသက်ကြီးတော့လည်း တစ်ခါတည်း သေလိုက်တာပေါ့ကွာ ဟုတ်လား၊ ငါရထိုက်တဲ့ ရွှေတွေကိုပါ သုံးဖြုန်းပြီး မင်းက ဇိမ်ကျနေခဲ့တာ ခုတော့ သေရမှာ ကြောက်သလား။ အေးပေ့... ဒီရွှေတွေအတွက် ငါ ဒီလောက်အဆင်းရဲ အပင်ပန်းခံပြီး နင့်ကို လိုက်ရှာမှာ မဟုတ်ဘူး...၊ ဟောဒီ သမီးနှစ်ယောက်အတွက်ကြောင့်၊ ခွေး... ခွေး... ငါ့ရွှေတွေလည်း ယူသွားသေးရဲ့... ငါ့သမီးနှစ်ယောက်ကိုလည်း သမီးအရင်းလို ကျွေးမယ် မွေးမယ် ကတိခံပြီး သေ... သေ... နင်သေ..." ဟု ပြောရင်း လက်ထဲမှဓားဖြင့် ပြေးပေါက်ရှာနေသော ဦးသီဟဆီသို့ တစ်ဟုန်ထိုးခုန်၍ ဝင်လိုက်သည်နှင့် တစ်ပြိုင်နက်လက်ခံနဲ မီးပွင့်သွားသည်ကို မြင်လိုက်ရပြီး ဝင်လာသူရော ဦးသီဟပါ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ဖြစ်ပျက်ပုံမှာ လျှင်မြန်လွန်းလှသဖြင့် မြမျက်ချယ်တို့ညီအစ်မနှစ်ယောက်နှင့် ကိုနန္ဒာမှာ ပထမတွင် ငိုင်၍ ကြည့်နေကြပြီး အတန်ကြာမှ ဝင်လာသူအား ဝိုင်း၍ ထူမမိကြသည်။ ဦးသီဟ၏ ကိုယ်ခန္ဓာကြီးကား ခေါင်းတခြား ကိုယ်တခြားဖြစ်ကာ မြင်မကောင်းအောင် သွေးများ စီးကျနေလေသည်။

"အင်း... ငကျွဲ... ငကျွဲ...၊ သေသည်အထိ ငါ့အပေါ်မှာ သစ္စာဖောက်တဲ့အကောင်..."

ဝင်လာသူသည် သူ့ရင်ဘတ်မှ သွေးတပွက်ပွက်ထွက်နေသော ဓားဒဏ်ရာကို လက်နှင့်ဖိရင်း မြမျက်ချယ်နှင့် လှသက်လှယ် ညီအစ်မနှစ်ယောက်အား...

"သမီး... သမီး... ဒီသမီးနှစ်ယောက်ကြောင့် အဖေလက်စားချေ

ရအောင် လာခဲ့တယ်၊ အဖေဟာ မက္ကရာမင်းသားကြီးရဲ့ အိမ်တော်ပါ အမှုထမ်းတစ်ဦးဖြစ်တဲ့ ဗိုလ်ကျော်ခေါင်ပါပဲ...။ သီပေါမင်း နန်းတက်စမှာ အဖေတို့ရဲ့ အရှင်သခင်မက္ကရာမင်းသားကြီးဟာ မသမာသူများ လက်ချက်နဲ့ အခြားမင်းညီမင်းသားလေးဆယ်နဲ့အတူ နတ်ရွာစံကံတော်ကုန်ခဲ့ရတယ်။ ဒါကို အဖေတို့ အိမ်တော်ပါ အမှုထမ်းတွေက စိတ်နာကြည်းပြီး အရှင်သခင်အတွက် တန်ပြန်ကလဲ့စားချေဖို့ ဟောဟိုက ငကျဲရယ်၊ အဖေရယ် ခေါင်းဆောင်ပြီး အောက်ရပ်ဒေသကို ဆင်း၊ လက်နက်လူစု၊ ရန်ပုံငွေများ ရှာ စသည်ဖြင့် လုပ်ခဲ့ကြတယ်။ ဒီလိုလုပ်ရင်းနဲ့ ကိုယ်စုရုံးတဲ့လူ ကိုယ်မနိုင်တော့ဘဲ ဓားပြတိုက်တဲ့အခါ တိုက်၊ လုတဲ့အခါ လု ဆိုတဲ့ အခြေအနေရောက်လာပြီး တစ်ရက်မှာတော့ အဖေဟာ အင်္ဂလိပ်စစ်တပ်ရဲ့ အဖမ်းခံလိုက်ရတယ်..."

ဗိုလ်ကျော်ခေါင်သည် ခဏနားလိုက်ပြီး...

"ဒီအချိန်မှာ သမီးနှစ်ယောက်က သုံးခါလည်လောက်ပဲ ရှိသေး...၊ အမေဖြစ်သူလည်း မီးတွင်းထဲမှာ ဆုံးဆိုတော့... ငကျဲကိုပဲ ဒီသမီးနှစ်ယောက်ကို အပ်...၊ အဖေစုဆောင်းထားတဲ့ ရွှေတွေပေး...၊ အဲဒါတွင်မက အဖေတို့ အရေးတော်ပုံအတွက် သတ်သတ်မြှုပ်ပြီး ဝှက်ထားတဲ့ ရွှေငွေပစ္စည်းမှန်သမျှကိုပါ ငကျဲလက် ဝကွက်အပ်ခဲ့တယ်...။ အဖေလည်း ထောင်ထဲမှာ ဆယ့်ငါးနှစ်လောက်နေပြီး အပြင်လည်း ရောက်လာရော... ငကျဲသစ္စာဖောက်ပုံ ယုတ်မာပုံတွေ သိရပြီး လွန်ခဲ့တဲ့ ဆယ်ရက်လောက်ကမှ ဒီနယ် ရောက်လာတယ်..."

မြမျက်ချယ်နှင့် လှသက်လှယ်တို့ ညီအစ်မနှစ်ယောက်မှာ ယခုမှ သိရသော ဖခင်အတွက် မျက်ရည်စက်လက်နှင့် ရှိနေရသည်။

"လွန်ခဲ့တဲ့ ငါးရက်လောက်က ကျွန်တော်တို့ ကျွန်းဆွယ်ကလေးပေါ်မှာ လျှောက်တုန်းက သေနတ်နဲ့ပစ်တာ ဦးတို့လူတွေပဲ မဟုတ်လား..."

ကိုနန္ဒာက မေးလိုက်သောကြောင့် မြမျက်ချယ်တို့ ညီအစ်မမှာ အံ့ဩသွားကြလေသည်။

"ဟုတ်တယ်… ဦးတပည့်နှစ်ယောက်ကလည်း အဲဒီကျွန်းဆွယ်ပေါ်မှာ မြှုပ်ထားတဲ့ လက်နက်တွေ သွားယူတုန်း မောင်ရင်တို့ကိုမြင်တော့ ရန်မူမယ့်လူထင်ပြီး ပစ်ခဲ့တယ်လို့ ပြောတယ်…။ ကံကောင်းလို့ပေါ့ကွယ်၊ နို့မဟုတ်ဆိုရင် ဦးသမီးနှစ်ယောက်ပါ ကြမ္မာဆိုးနဲ့ တွေ့သွားမယ်…။ ကဲ… ကဲ… ဦးလည်း သစ္စာဖောက် လူယုတ်မာကို ကလဲ့စားချေလိုက်ရလို့ သေပျော်ပါပြီ…"

ဗိုလ်ကျော်ခေါင်သည် ရင်ဝမှဒဏ်ရာကို လက်နှင့်ဖိရင်း အသက်ပျောက်သွားလေသည်။ မြမျက်ချယ်နှင့် လှသက်လှယ်မှာ ယခုပင် မိမိတို့၏မွေးသဖခင်ကို တွေ့လိုက်ရလျက် ယခုပင် မိမိတို့ မျက်စိအောက်၌ အသက်ပျောက်သွားသည်ကို မြင်လိုက်ရသောကြောင့် ဖန်လာသောကံကြမ္မာ၏ဆိုးရွားပုံကို ဖြေဆည်၍မကုန်နိုင်အောင် ဖြစ်ရရှာလေသည်။

## (၅)

မီးသင်္ဘောကလေးတစ်စင်းသည် ရန်ကုန်မြို့ဆီသို့ ဦးတည် ခုတ်မောင်းနေ၏။ သင်္ဘောဦးပိုင်းတွင် မြမျက်ချယ်၊ လှသက်လှယ်နှင့် ကိုနန္ဒာတို့သည် ပင်လယ်ရေပြင်ကို ငေးစိုက်ရင်း လိုက်ပါလာကြသည်။

မြမျက်ချယ်သည် လက်ကိုင်အိတ်ထဲမှ အသွား ဖ လက်မခန့်ရှိ ဓားမြှောင်တစ်ချောင်းကို ဆွဲထုတ်လိုက်၏။ ဓားရိုးမှာ ဆင်စွယ်ဖြင့် ပြုလုပ်ထားလျက် 'သီဟ' ဟူသော ရွှေစာလုံးကို ဓားရိုးတွင် မြှုပ်နှံထားလေသည်။

"ဟောဒီ ဓားကို ပင်လယ်ထဲမှာ ပစ်ချလိုက်ရင် မကောင်းဘူးလား မောင်ကြီးနန္ဒာ"

မြမျက်ချယ်က ညှိုးလျှသောမျက်နှာဖြင့် မေးလိုက်၏။

"ကောင်းတယ်၊ ဖေဖေ့အသက်နုတ်ယူလိုက်တဲ့ ဓားကို ပင်လယ်ထဲ အစတုံးမြှုပ်လိုက်တာ ကောင်းတယ်"

လှသက်လှယ်က ကိုနန္ဒာမပြောမီ ထောက်ခံချက်ပေးလိုက်၏။ ကိုနန္ဒာကမူ သဘောမတူသလို ခေါင်းယမ်းပြီး...

"ဒီဓားကို ပင်လယ်ထဲချပစ်လိုက်လို့ မဖြစ်သေးဘူး မျက်ချယ်နဲ့ သက်လှယ်...၊ ရုံးတော်မှာ ဒီဓားဟာ ဦးသီဟရဲ့ဓားဖြစ်ကြောင်း တင်ပြရဦးမယ်...၊ မောင်ကြီး... ဦးသီဟကို ဖမ်းဖို့လိုက်နေတာ တော်တော်ကြာပြီ...။ ခုမှ ဦးသီဟကိုလည်း မိ... နောက်ပြီး... ဦးသီဟက လူမသိရအောင် ဖုက်ထားတဲ့ ပုလဲကုံးနှစ်သွယ်ကိုလည်း ရှာတွေ့တော့တာပဲ..." ဟု ပြောလိုက်သောကြောင့် မြမျက်ချယ်ရော လှသက်လှယ်ကပါ...

"မောင်ကြီးက အင်္ဂလိပ်ကုမ္ပဏီက အဝယ်တော်ဆိုပြီး ဘာလို့ ဦးသီဟကို ဖမ်းဖို့ လိုက်နေရတာလဲ" ဟု မေးလိုက်သဖြင့်

"ဦးသီဟဟာ ဓားပြဂိုဏ်းခေါင်းဆောင်တစ်ယောက်ပဲ မဟုတ်လား။ ဒါပေမဲ့ ကုန်သည် ယောင်ဆောင်နေတော့ မောင်ကြီးလည်း ကုန်သည်လုပ်ပြီး သူ့နောက်လိုက်ရတာပေါ့။ ပုလိပ်အရာရှိတစ်ယောက်လို လိုက်ရှာရင် သူသိသွားမှာပေါ့ မဟုတ်ဘူးလား၊ နို့ပြီး ဒီလူကြီးက အကင်းလည်း အတော်ပါး၊ လက်လည်း အတော်မြန်တယ်...။ မျက်ချယ်တို့ ဖေဖေက ဓားနဲ့ အတင်းဝင်ပိုင်းတော့ ခါးကြားထဲက ဓားမြှောင်ထုတ်ပြီး ထိုးဖြစ်အောင် ထိုးလိုက်သေးတယ်" ဟု ပြောလိုက်သောကြောင့် မျက်ချယ်ရော သက်လှယ်ပါ သက်ပြင်းကလေးချရင်း အတိတ်မှ အဖြစ်အပျက်များကို မေ့ပျောက်ရန် ကြိုးစားနေကြရရှာလေသည်။ ။

မြဝတီ၊ ဩဂုတ်၊ ၁၉၅၇။

❐



## ခင်ဦးစား ငချစ်ညို

အစိတ်စိတ်အမြွာမြွာ ကွဲပြားလျက် ဖရိုဖရဲ ဖြစ်နေသော မြန်မာနိုင်ငံတော်ကို တတိယအကြိမ်မြောက် ပြန်လည်စုစည်း၍ တစ်အင်၊ တစ်အား၊ တစ်ခဲ ဖြစ်အောင် ထူထောင်နိုင်ခဲ့သော ဦးအောင်ဇေယျ၏ အကြောင်းကို "ငယ်မည်မှာ အောင်ဇေယျလို့၊ တောင်ဒီပကျွန်းဇမ္ဗူ။ မင်္ဂလာသြဘာသွန်းတယ်၊ ထွန်းတဲ့တစ်ဆူ" ဟူ၍ လည်းကောင်း၊ "ရန်ကြီးအောင် တဘောင်သ၊ တန်ဆောင်လ ပုဏ္ဏမီ၊ လက်ရုံးတော်ဖုန်းထိန်တောက်၊ သုံးကြိမ်မြောက်ညီ။ ရွှေဘိုဆီ၊ မထီတဲ့လူစား။ မောင်ချစ်ညို မင်းဟန်တုကို၊ သွင်းရန်ပြုရှား" ဟူ၍ လည်းကောင်း၊ "အလောင်းမင်းတရား အကြောင်းတော်ကား၊ ပုဂံပြည်ကြီးရှင် သခင်ပြူစောထီးမှသည် ၄၇ ယောက်သော မင်းတို့နောက် ဖောင်စကြာရှင် နရပတိစည်သူ၏ သမီး ကျောင်းတော်သည်နှင့် နရသိင်္ခမင်း၏ သားတော် အနန္တသူရိယ စုံဖက်ရာတွင် ဖွားမြင်သည့်သား သဒ္ဒိကာ၊ သား ဘဲကြီးရတနာ၊ သား ဘဲငယ်ရတနာ၊ သား လံဘူးရန္တသူ၊ သား ပေါက်မြိုင်မင်းပုလဲ၊ သား မြေနဲစောသိင်္ဂါ၊ သား မိုးညှင်းမင်းတရား

သီဝပါနော်ရထာ၊ သား မြောက်ဘက်နော်ရထာ၊ သား သခံယာ၊ သား မင်းနေဝန်း၊ သား မင်းရဲထွေး၊ သား မင်းကြီးရွှေ၊ သား ဘုရင်ကျော်သူခံ မင်းဘိုးခင်၊ သား မင်းစစ်နိုင်၊ သား သီရိမဟာဓမ္မရာဇာ၊ သား အလောင်း မင်းတရား" ဟူ၍ လည်းကောင်း။

"ကုန်းဘောင်ဆက် မြန်မာဘုရင် အလောင်းဘုရားသည် ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လှံထိုး စသည့် ယောကျ်ားကောင်းတို့ တတ်အပ်သော အတတ်များကို တတ်ကျွမ်း၏။ အချိန်အရွယ်အမှန်းအဆ လည်းကောင်း လှ၏။ ပဲခူး၊ ဟံသာဝတီကို တိုက်စဉ်က ရန်ပုံခွင်းအမြောက်ကို မိမိတို့ ရုံမြို့ထိပ်သို့တင်၍ ဟံသာဝတီမြို့ထိပ်က ပစ်လျက်ရှိသော အမြောက်ဝ သို့ အလောင်းဘုရား လက်ညှိုးတော် ညွှန်ရာ အမြောက်ချိန်၍ ပစ်စေရာ ပထမအကြိမ်ကျည်စေ့သည် တလိုင်းတို့အမြောက်ဝကို တည့်တည့်ဝင်၍ ကွဲလေ၏။ ထပ်၍ ပစ်စေရာ ကျည်စေ့သည် တလိုင်းတို့ အမြောက်ဝ၌ ဆို့ပိတ်၍နေလေ၏" ဟူ၍ လည်းကောင်း၊ "အလောင်းမင်းတရားကား သက္ကရာဇ် ၁၀၇၆၊ တော်သလင်းလတွင် ဖွားတော်မူ၏။ လျှောင်ပြင်းစွာ လှုပ်၍ ဘုရားပုထိုးပြို၏။ မြေကြီး အစိတ်ကွဲ၍ ရေထွက်၏။ အရွယ် တော်သို့ရောက်သည့် ကာလ လက်ရုံးတော် ရှောင်တောက်သောကြောင့် မုဆိုးဘိုရွာက မင်းလောင်းပေါ်လတ်မည်" ဟူ၍ လည်းကောင်း ချီးမြှင့် ရေးသားစပ်ဆိုခဲ့ကြ၏။

သို့သော် ဦးအောင်ဇေယျခေါ် အလောင်းမင်းတရားနှင့် စစ်ပြိုင် ဘက်၊ စစ်ထိုးဘက်ဖြစ်သော ခင်ဦးစားလကျ်ာပျံရှီဘွဲ့ခံ ချစ်ညို၏ အကြောင်းကိုကား အကျယ်တဝင့် မှတ်တမ်းတင်ခဲ့သည်ကို မတွေ့ရပေ။

ချစ်ညိုသည် ဦးအောင်ဇေယျထက် သတ္တိသာသူ မဟုတ်ဟု ဆိုကောင်းဆိုနိုင်စေကာမူ ဦးအောင်ဇေယျထက်ကား သတ္တိညံ့သူ မဟုတ်ချေ။ အင်းဝပျက်သည့်အချိန်တွင် ဦးအောင်ဇေယျသည် မုဆိုးဘို

တွင် ထန်းလုံးတပ်တည်၍ အခိုင်အမာနေသကဲ့သို့ ချေစ်ညိုသည်လည်း မုဆိုးဘိုနှင့်အနီးအစပ်ဒေသတွင် တပ်ခိုင်တပ်လုံးဖြင့် ရှိနှင့်ပြီးဖြစ်သည်။

ဦးအောင်ဇေယျသည် သတ္တိကောင်း ဗျတ္တိကောင်း မြန်မာအမျိုးသားဖြစ်သကဲ့သို့ ချေစ်ညိုသည်လည်း သတ္တိပြောင်သော၊ အနိုင်မခံ အရှုံးမပေးတတ်သော မြန်မာအမျိုးသားပင် ဖြစ်သည်။ သို့သော် ရွှေဂူတစ်ဂူတွင် ကေသရာဇာ ခြင်္သေ့မင်းနှစ်ကောင် စိုးစံ၍မရသကဲ့သို့ ဦးအောင်ဇေယျနှင့် ချေစ်ညိုတို့သည်လည်း မြောက်ဘက်တစ်လွှားတွင် အတူတူ ဩဇာပျံ့နှံ့ချင်၍ မရချေ။

ချေစ်ညိုသည် လတ်တလောချင်းတွေ့နေရသော ဦးအောင်ဇေယျနှင့် အာဏာလုပွဲတွင် ဦးအောင်ဇေယျအား အလဲထိုးနိုင်ရန်အတွက် ဟံသာဝတီအင်အားစု၏ အကူအညီကိုယူခဲ့ဟန်တူသည်။ ချေစ်ညိုသည် ဟံသာဝတီအင်အားစု၏ အကူအညီကိုယူခဲ့ကြောင်းနှင့် "အလောင်းမင်းတရားကြီးအရေးတော်ပုံ" တွင် အတိအလင်း ဆိုသည်။ ၎င်းအရေးတော်ပုံကျမ်းတွင်...

"ပဲခူးမင်းညီ ဥပရာဇာလည်း မင်းဧကရာဇ်နှင့်တကွ အင်းဝမြို့ကိုရလျှင် အရပ်ရပ်သားတို့ သစ္စာခံသောက်၍ရှိလေပြီးသည်။ မုဆိုးဘိုရွာသာ ထန်းလုံးတပ်ကိုယုံ၍ သစ္စာမခံ ကျန်ရှိလေသေးသည်ကို ငါတို့က သင့်ရာလူစေ၍ သစ္စာတိုက်စေ။ သစ္စာတိုက်မခံ သောင်းကျန်းခိုင်မာနေသည့် ကာလမှ အနိုင်သိမ်းယူရမည်။ ငါးစိုတစ်ခွင် မြောက်ဘက်တစ်ပြင်သာတို့လည်း ငါတို့လူချည်းဖြစ်လေပြီးသည်။ ခင်ဦးစား မင်းကြီးကျော်စွာ သား လက်ယာပျံချီတို့လည်း မုဆိုးဘိုနှင့်အနီးအစပ် တပ်ခိုင်တပ်လုံးနှင့် ရှိလေပြီးသည်။ အပန်းတကြီး လုပ်ကြံရမည်မဟုတ်၊ လက်ခုပ်တီးကာသာ ယူရမည့် အရေးရှိသည်ဖြစ်၍ × × × × × ငါတို့တပ်ပေါင်း ၃၀ သားတို့မှာ စုန်သွားနှင့်တော့မည်ဆို၍ အဝဘုရင်ကို

ဆောင်ယူစုန်သွားလေ၏" ဟူ၍ လည်းကောင်း...။

ထိုအလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်း စာမျက်နှာ ၁၄ တွင်လည်း...

"တလပန်းအစား ရွှေခွန်ဝန်ကို အဝမြို့စောင့်ထား၏။ ခင်ဦးစား လက်ယာပျံချီဆိုသူနှင့် တိုင်ပင်ပေါင်းယှက်၍ အရပ်ကို သိမ်းရုံးလေဟု မှာလိုက်၏" ဟူ၍ လည်းကောင်း။

အထက်ပါစာမျက်နှာတွင်ပင် ဦးအောင်ဇေယျက ငချစ်ညိုအား သိမ်းသွင်းပါလျက် ငချစ်ညိုက ဦးအောင်ဇေယျရှေ့မှောက်တွင် ဒူး မထောက်လိုဟု ပြန်ကြားပုံကို

"အလောင်းမင်းတရား ကြားရောက်သည် ခင်ဦးစား လက်ယာပျံချီ...

"မြန်မာလူမျိုးဖြစ်လျက် တလိုင်းကျွန်ခံမည်ကြံသည်မှာ မသင့်။ မင်းမာသည် လက်ရုံးရည်လည်း ရှိပေသည်။ သူရဲကောင်းလည်း မှန်ပေသည်။ ငါကဲ့သို့ ဘုန်းပညာအာဏာစက်မစုံလင်၊ ငါသို့ ဝင်စားလာသော် စစ်သူကြီးနှင့်အရာနှင့် သူကောင်းပြုတော်မူမည်။ငါ့ သူရဲကောင်းတို့နှင့် နောင်တွေ့ကြ၍ လက်ခြေလွန်လေသော် သူကောင်းဆိုသည်နှင့် မညီရှိတော့မည်ဟု စေတော်မူလိုက်၏။ ငချစ်ညိုလည်း ရှေးအထက်ကပင် ခိုက်စရန်စရှိကြဖူးသည်နှင့် ငါဝင်စားသော်လည်း အရှင်မထားပေရာဟု မဝင်ဝံ့ရှိ၍ မြန်မာချင်းကို ရှိမခိုးလို၊ တလိုင်းကိုသာ ရှိခိုးတော့မည်ဟု ဆိုလိုက်၏" ဟူ၍ လည်းကောင်း ဖော်ပြပါရှိလေသည်။

ဤတွင်စဉ်းစားရန်မှာ ငချစ်ညိုသည် အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းကဆိုသကဲ့သို့ အကယ်ပင် ဟံသာဝတီအင်အားစု နှင့် စိတ်လိုလက်ရပေါင်းလေသလော၊ သို့တည်းမဟုတ် ဦးအောင်ဇေယျ ၏ ရန်ကိုကြောက်၍ ယာယီပေါင်း ပေါင်းခြင်းလောဟူသော အချက်ပင်

ဖြစ်သည်။

ငချစ်ညိုသည် သူရဲကောင်းဖြစ်ကြောင်း၊ သူ့ရာသက္ကိအရာတွင် ဦးအောင်ဇေယျနှင့် သွေးတူရည်တူဖြစ်ကြောင်းတို့ကို ဦးအောင်ဇေယျ ကိုယ်တိုင်ပင် ဝန်ခံထားရကြောင်း အထက်ဖော်ပြပါအကြောင်းအရာ အားဖြင့် သိသာနိုင်သည်။ ဦးအောင်ဇေယျက ငချစ်ညိုအားသိမ်းသွင်း ခဲ့သည်ဆိုသည်မှာလည်း ဧကန်အမှန်ပင်ဖြစ်သည်။ သို့သော် ထပ် လောင်း၍ စဉ်းစားသင့်သည့်အချက်မှာ ဦးအောင်ဇေယျက ငချစ်ညိုအား သိမ်းသွင်းသည့်အချိန်မှာ ဦးအောင်ဇေယျကိုယ်တိုင်ပင် လုံခြုံမှု အခိုင် အမာမရှိသေးသောအချိန်ပင် ဖြစ်သည်။ ဦးအောင်ဇေယျနှင့် ဦးအောင် ဇေယျ၏ တပ်သားများက ငချစ်ညိုနှင့် ငချစ်ညို၏တပ်သားများ အန္တရာယ်ကို စိုးရိမ်နေရသည့်အချိန်ပင် ဖြစ်သည်။ ဤကဲ့သို့သောအချိန် တွင် ဦးအောင်ဇေယျ သိမ်းသွင်းရာသို့ မဝင်လာသော ငချစ်ညိုကို အပြစ်ဆိုရန် မရှိ။ ငချစ်ညို၏စွမ်းရည်သတ္တိကိုလည်း ကြည့်ပါဦး။

"ငချစ်ညိုစကားကို ကြားတော်မူလျှင် အမျက်တော်ရှိ၍ ယခုပင် ခင်ဦးရွာကို မီးတိုက်ချေ။ မီးကိုမြင်လျှင် ငါ (ဦးအောင်ဇေယျ) ချီတော်မူ လာမည်ဟု မြင်း ငါးဆယ်၊ သေနတ် တစ်ရာ၊ လူသုံးရာနှင့် သေနတ်ဝန်၊ မင်းကျော်ပျံချီကို ဗိုလ်မှူးခန့်၍ ချီသွားရသည်။ ညဥ့် ၃ ချက်တီးချိန် ရောက်၍ တပ်ကိုတက်လျှင် တပ်စီးတို့သိ၍ ထိုးခုတ်သည်နှင့် မတက်နိုင် သောကြောင့် တပ်ပြင်တွင်ရှိသော ကျောင်းကို မီးတိုက်၍ ဆုတ်ခဲ့ရချေ၏။ အလောင်းမင်းတရားလည်း ခင်ဦးက မီးကိုမြင်လျှင် ခင်ဦးကို အလိုတော် ပြည့်ပြီ မှတ်တော်မူ၍ လူကြီးမဆို လူအိုစုနှင့်နဲ့ခရာ ဖြောစည်တီးလျက် ချီတက်မူရာ စည်သာဝမြောက်တွင် ငချစ်ညိုထွက်၍ လိုက်လာသော ကြောင့် ပရမ်းပတာပြေးလာသော ရဲမက်တော်တို့နှင့်တွေ့၍ အကြောင်းမျိုး ကိုလျှောက်လျှင် အမျက်တော်ထွက်၍ နင်တို့ သူရဲကောင်းပြုသမျှ တစ်စု

လုံး အသွမ်းချည်း ပြည်စိုး ကျွန်းတောရောက်ကာ လူစုဖြစ်သည်။ လူအိုစုနှင့်သာ ငါ တိုက်တော်မူသည်။ နင်တို့တစ်စုမှာ ထမင်းအိုးထမ်း၍ နောက်က လိုက်ကြရမည် မိန့်တော်မူ၍ ချီသည်နှင့် ချစ်ညိုလည်း တပ်သို့ မပြန်ဘဲ မြင်း သေနတ်ဝန် အများဝန်းရံလျက် ချီလာသည်နှင့် ဆိုင်မိကြ၍ ပစ်ခတ် ထိုးခုတ်ကြလျှင် စစ်သည်တော်များလည်း အခြားတစ်ပါး ကွဲပြားကြသည်ကို မစည်းရုံးခင်၍ ဆုတ်တော်မူရချေ၏။ စည်ဗြောတို့ကိုလည်း သူရလေ၏။"

အထက်ပါ ဦးအောင်ဇေယျနှင့် ချစ်ညိုတို့ ရင်ဆိုင်တိုက်ပွဲတွင် ဦးအောင်ဇေယျအင်အားစုဘက်မှ အရေးမလှပုံကို ဖော်ပြပြီးနောက် ဒုတိယအကြိမ် ရင်ဆိုင်တိုက်ပွဲအကြောင်းကိုလည်း အလောင်းမင်းတရားကြီး အရေးတော်ပုံကျမ်းတွင် အောက်ပါအတိုင်း ဖော်ပြထားပြန်သည်။

"ခင်ဦးစား ချစ်ညိုလည်း တပ်ရင်းသို့ ချဉ်း၍သော်လည်း မလုပ်မကြံ။ အနီးအပါးသို့လာ၍ ချက်တစ်ဖြုတ် ကျွဲနွားကို သိမ်းယူလာသောကြောင့် သေနတ်ဝန်နှင့် မြင်း နှစ်ဆယ်၊ သူရိန်ဒေဝနှင့် သေနတ်လက်ကောင်း ခုနစ်ဆယ့်ငါး၊ ခင်ဦးပါးသို့ ကျွဲနွားလိုက်ချေလွှတ်လိုက်၍ သွားကြလေသော် သေနတ်သမားတို့ကို ခင်ဦးအရှေ့နှစ်တိုင်ခန့်ကွာ ကျွန်းကျောင်းအရပ်၌ ထားခဲ့၍ မြင်းနှစ်ဆယ်သားတို့ တပ်ပါးသို့ချဉ်း၍ ကျွဲနွားတို့ကို လိုက်ခဲ့သည်နှင့် ချစ်ညို မြင်း နှစ်ဆယ် သေနတ်လုလင် ခြေလျင်သုံးရာလောက်နှင့် လိုက်ထပ်လာ၏။ ချစ်ညို အစ်ကို ချစ်ဝ မြင်းသုံးစီးနှင့် ရှေ့လွန်၍ လိုက်လာသည်ကို သေနတ်နှင့်ပစ်၍ကျလျှင် ခေါင်းကိုဖြတ်၍ ယူကြ၏။ ယင်းသို့စဉ်တွင် ချစ်ညိုမီလာ၍ သေနတ်လုလင် ခြေလျင်သမားတို့ ပွဲကြည့်၍သာနေပါစေ။ ငါနှင့် မြင်းစီးချင်းကစားကြမည်။ ယောကျ်ားကောင်း ထွက်ခဲ့စေ။ ချစ်ညိုဆိုလျှင် မင်းကျော်ဇညားထွက်သည်ကို မြေတ်ထွန်း နှင့် ငါနှင့် တိုက်ဖက်မတန်၊

ငါ့လုံသာ သေွးစွန်းတော့မည်ဆိုသဖြင့် မုဆိုးချုံဗိုလ် မင်းလုလွှေတောင် ထွက်ပြန်သည်ကိုလည်း ထွေန်းငယ်၊ ငါ့လူစွမ်းကို စေခ္ဆကိုင်မှာနေကြ စဉ်ပင် နင်အသိဖြစ်သည်။ ငါ နင့်ကိုဖက် မတန်ဆိုပြန်၍ ယင်မတန်ဗိုလ်၊ ယင်ပါဗိုလ်တို့ မြင်း ၂၀ သားအသီးသီး ထွက်ကြသည်ကိုလည်း မဖက် မပြိုင်လို၊ သေနတ်ဝန်ဆိုသူသာ ထွက်လာစေဆို၍ သေနတ်ဝန်ထွက် ရာတွင်မှ သည်ခါ ယောကျ်ားကောင်းချင်း တွေ့ရတော့မည်။ ကိုယ်တို့မှာ ပွဲကြည့်၍သာနေ၊ သေနတ်ဝန်နှင့် ငါနင့်တန်စေ ကြုံးဝါးသံပ၍ မြင်းကို အကုန်လွှတ်၍ ခြေတစ်ဖက်ထောင်လျက် ရပ်၍စီးသည်။ မြင်းနံပါး၌ ကပ်လျက် စီးသည်။ လုံကို လက်ဝဲ လက်ယာ ဘယ်ညာလျည်း၍ စီးသည်။ သေနတ်ဝန်မူကား လုံမဖြင့်ချိန်ဆကာနေ၏။ ချေစ်ညိုလည်း စီးနည်း အထွေထွေကိုပြပြီးလျှင် လုံရှင်နှင့် လွှတ်လိုက်သည်။ သေနတ် ဝန်လုံရိုးကို ခတ်မိချေ၏။ သေနတ်လုလင်တို့ထ၍ သေနတ်စည်ကြ သည်ကို မြင်လျှင် ချေစ်ညို ပြန်သွားလေ၏။

ဤကဲ့သို့ စွမ်းရည်သတ္တိနှင့် ပြည့်စုံသော ချေစ်ညိုအကြောင်းကို အရေးတော်ပုံကျမ်းပြုဆရာက "လက်ျာပုံရိုးချေစ်ညိုကား ဆင်စီးမြင်းစီး ပြွမ်းတီး၏။ ဓားရေးလှံရေးကျွမ်းကျင်၏။ လေးပစ်လုံထိုးမျိုးစုံ၏။ အပြီးအစီးအကွယ်အကာ လုံခြုံ၏။ တစ်ယောက်ချင်းကိုမဆိုထားဘိ တောင်ပုံရာပုံကိုသော်လည်း မြင်းစီးချင်းနှင့်သာ ဝင်၍ဖျက်နိုင်၏။ ရဲစွမ်း သတ္တိရှိ၏။ စစ်ရိပ်စစ်ခြည်နားလည်၏" ဟု ဖော်ပြခဲ့၏။

ဤကဲ့သို့ သူရသတ္တိနှင့် ပြည့်စုံသူပင်ဖြစ်လင့်ကစား နိုင်ငံရေး လမ်းစဉ်လွဲမှားလာသောအခါ၊ စည်းရုံးရေး မမှန်ကန်သောအခါ အရှုံး နှင့် ရင်ဆိုင်လာရလေသည်။ အောက်ပါကောက်နုတ်ချက်ကို ကြည့်ပါဦး။

"ချေစ်ညိုလည်း × × × သူ မရောက်ခင် အကူရှာနှင့်ရသော် သင့်မည်အကြံရှိ၍ အဝမြို့စောင့် ရွှေခွန်ဝန်မှာ တလိုင်းသုံးထောင်တောင်း

၍ တပ်အရှေ့က ၂ တပ်၊ ခင်ဦးနှင့်သော် ၃ တပ်၊ ရန်သူအဝင်ခက်အောင် ခုံလောက် ၃ လုံးဆိုင်တပ်တည်ရ၏။

"အလောင်းမင်းတရားလည်း ခင်ဦးသို့ အကြိမ်ကြိမ်ချီ၍ လုပ်ကြံသည်။ ချေစ်ညိုထွက်လျှင် ငါတို့က မရပ်မခံနိုင် ပျက်ရချေသည်။ သည် တစ်ခါသော် မြင်းသည်လည်း မြင်းနှင့် တပ်ရင်းသို့ကပ်၊ ပုဆိန်သမားစား သမားလည်း တပ်တိုက်ကိုဖြတ်၊ တူးရှင်းသမားတို့လည်း တူးရှင်းနှင့် တပ်တိုင်ကိုတူး၊ လှေကားသမားလည်း လှေကားထောင်၍ တက်၊ နောက်သို့ ပြန်လှည့်၍ကြည့်သော် ငါ့ညီ ငါ့သားပင် ဖြစ်သော်လည်းကွပ်။ အခါတစ်ပါးကို မနူန်းနှင့်၊ အမှုကုန်စင်အောင်ထမ်း။ ချေစ်ညို၊ ညီငချစ်မြ၊ အဖငလုံတို့ကို အရှင်ယူခဲ့။ တလိုင်း ၂ တပ်ရှိသည်ဆိုသည်။ တလိုင်း တပ်မှာ ယာယီခင်ဦးသာနဂိုဖြစ်သည်။ ခင်ဦးပျက်လျှင် တလိုင်းတပ် ပျက်လိမ့်တကားဟု မိန့်တော်မူ၍ နတ်တော်လဆန်း ၈ ရက်နေ့ချီစေ၍ မိုးသောက်တံခါးဖွင့်တွင် အနောက်တောင်ထောင့်က တစ်ပြိုင်နက် တပ်ရင်းသို့ ကပ်၍ တပ်တိုင်တို့ကို တူးသူတူး၊ တပ်တိုင်တို့ကို ဖြတ် သူဖြတ်၊ လှေကားထောင်၍ တက်သူတက်၊ သူက ထိုးခုတ်သည်ကို ပမာမမှတ်။ ချေစ်ညိုလည်း ညဥ့်မိုက်ရီတရော်ဖြစ်၍ ပြင်သို့ မထွက်ဝံ့၊ တပ်တွင်းကသာ ကွပ်ညှပ်ဆော်ဖန်၍ နေ၏။ နောင်တော် (ဦးအောင် ဇေယျ၏ အစ်ကို) စည်သာမင်းကြီးမှူကား မြင်း နှစ်ဆယ်သားတို့နှင့် တပ်အနောက်သို့ပတ်၍ မြောက်တံခါးက ဝင်၏။ တပ်စီးတပ်နင်းတို့ လည်း အနောက်တောင်ထောင့်က သူတက်သည်ကို ဆီးဆို့၍တိုက် မည်ဟု လူ ၃၀ ခန့်သာ ထားခဲ့၍ အနောက်တောင်ထောင့်သို့ ချည်းပြေး လေ၏။ စည်သာ မင်းကြီးလည်း တံခါးစောင့်လူတို့ကို ခြောက်လှန့်၍ တပ်တွင်းသို့ဝင်မိလျှင် အိမ်ရာတဲကနားတို့ကို မြင်း ၂၀ သားမီးတိုက် သည်နှင့် တပ်ပေါက်၍ ရဲမက်တော်တို့ ဝင်မိလျှင် ချေစ်ညိုလည်း

ဆွေသားတစ်စုနှင့်သာ ထွက်ပြေးလေ၏။ ဝေလီဝေလင်း နှင်းလည်း
မှုန်သည်နှင့် မမိလိုက်ချေ။ ခင်ဦးပျက်လျှင် တလိုင်းတို့တပ်လည်း ပျက်နှင့်
လေ၍ သေနတ် ၂၀၀၊ မြင်း ၅၀၊ ဆန်ရေစပါး ကျွဲနွားလူသူတို့ကို
သိမ်းယူ၍ ပြန်ခဲ့ရ၏။ ငချစ်ညိုတို့သားအဖ တစ်စုလည်း ခင်ဦးက
ထွက်ပြေး၍ ကျွန်းတောကြီးတပ်သို့ ဝင်လေ၏။

သူရဲကောင်းကြီး ငချစ်ညို၏ ခင်ဦးတပ်ပျက်ခြင်းသည် သူရဲ
ကောင်းကြီး ငချစ်ညို၏ပျက်စီးခြင်းသို့ ရွေ့ရှုခဲ့လေသည်။ ငချစ်ညို
ကျွန်းတောကြီးတပ်သို့ ဝင်၍လာခဲ့ခြင်းမှာ ဟံသာဝတီပါမင်း၏ အမှု
ထမ်းတစ်ဦးဖြစ်သော ရာဇာမိရာဇ် ဆိုသူသည် ဆင် ၅၀၊ မြင်း
တစ်ထောင်၊ လူတစ်သောင်းခန့်နှင့် မြေတူးမြို့ အနောက်ဘက်ရှိ အင်တိုင်
ရွာတွင် တပ်အခိုင်အမာတည်၍နေသဖြင့် ၎င်းထံမှ အကူအညီရနိုင်သည့်
အတွက် ဖြစ်၏။ သို့သော် ငချစ်ညို ကျွန်းတောကြီးတွင် တပ်တည်၍
နေသည်ဟုကြားလျှင် ရာဇာမိရာဇ်သည် ဦးအောင်ဇေယျ လာရောက်တိုက်
ခိုက်မည်ကို ကြောက်သဖြင့် အင်တိုင်တပ်မှသည် ချင်းတွင်းမြစ်အနောက်
ဘက် မင်းခင်းမြို့သို့ ပြောင်းရွှေ့သွားလေသည်။ ဦးအောင်ဇေယျလည်း
ကျွန်းတောကြီးရှိ ငချစ်ညိုတပ်ကို လက်နက်ကိုင် ၂ ထောင်စေလွှတ်၍
တိုက်စေပြန်ရာ ကျွန်းတောကြီးတပ်လည်း ပျက်ရပြန်လေသည်။ သို့
ဖြစ်၍ ငချစ်ညိုသည် မိဘဆွေမျိုးများနှင့်တကွ ရာဇာမိရာဇ်ရှိရာ မင်းခင်း
တပ်သို့ ပြေးလာခဲ့ရလေ၏။ ငချစ်ညိုမင်းခင်းသို့ရောက်၍ မကြာမီပင်
ရာဇာမိရာဇ်သည် ဦးအောင်ဇေယျထံ သစ္စာခံ၍ ဝင်ရောက်သွားသော
ကြောင့် ငချစ်ညိုသည် စလင်က သူ့ရွာသို့ ပြောင်းရွှေ့ခဲ့ရပြန်သည်။
ထိုရွာတွင် နေစဉ်ပင် ဦးအောင်ဇေယျအား တိုက်ခိုက်ရန် အင်အားကြီးစွာ
ချီတက်လာသော ဟံသာဝတီပဲခူးမင်း၏ ညီတော် မဟာဥပရာဇာကြီးမှူး
သည့် တပ်ကြီးသည် ဆင်တဲဝအရပ်သို့ ရောက်လာပြီးနောက် စလင်ကသူ

ရွာကို ညှပ်၍တိုက်ကြရာ စလင်ကသူတပ်ပျက်ရလေသည်။ ဤတွင် ချေစ်ညိုတို့ သားအဖသည် မဟာဥပရာဇာထံသို့ ဝင်ရလေသည်။ သို့သော် အယုံအကြည်မရှိသဖြင့် ချေစ်ညိုတို့သားအဖကို သုတ်သင်လိုက်လေသည်။

ဤသို့ဖြင့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံသော သူရဲကောင်းကြီး ဧကန်စင်စစ်ဖြစ်ပါလျက် တိုင်းပြည်ရေးထက် ပုဂ္ဂိုလ်ရေးမုန်းတီးမှုကို ဦးစားပေးမှု၊ အပြင်အပ အကူအညီကို အားကိုးမှုတို့ကြောင့် သူရဲကောင်းပီပီ တိုက်ပွဲတွင်သေရမည့် ချေစ်ညိုသည် သူတစ်ပါးလက်သို့ မိမိကိုယ်ကို ယုံကြည်စွာ အပ်နှင်းရင်း အယုံအကြည်မခံရဘဲ ကြက်ကလေး ငှက်ကလေးများ အသတ်ခံရသကဲ့သို့ ခံခဲ့ရပေသည်တကား။ ။

မြဝတီ၊ ဖေဖော်ဝါရီ၊ ၁၉၇၉။

❐

## ရနှောင်မောင်မောင်တုတ်

(၁)

"ဖန်ဘူးနဲ့ လှောင်ထားတဲ့ ပယင်းရောင်ကလေးက တယ်လို့ပဲ အရသာရှိပါလား မောင်မင်း"

ရနှောင်မင်းသား မောင်မောင်တုတ်သည် ဖန်ကလပ်ထဲမှ ပယင်းရောင်တောက်နေသော ဘရန်ဒီကို တစ်ချီလောက် နှုတ်ခမ်းနှင့်တေ့၍ စုပ်လိုက်ပြီး မိန့်တော်မူလိုက်သဖြင့် အနီးတွင် ခစားလျက်ရှိသော လက်သုံးတော်များအနက် ငယ်ကျွန်တော်ကြီး မောင်ရွှေမှိုင်းက...

"မှန်ပါ့ ဘုရား...၊ စာဆိုတော်ကြီး ဦးကြင်ဥတို့တောင် ဖန်ဘူး ငယ်လှောင်၊ ပယင်းရောင် ချိုမြိုက်ကယ်၊ နန်းကြိုက်မို့သုံး၊ ဆိုပြီး စာစီခဲ့ရတဲ့ ဘရန်ဒီပါဘုရား" ဟု လျှောက်ထားလိုက်သောကြောင့် ရနှောင်မင်းသားသည် မောင်ရွှေမှိုင်း၏ လျှောက်ထားချက်ကို သဘောတော်တွေ့သွားပြီး...

"အင်း... မောင်မင်းကတော့... လက်သုံးတော် ငယ်ကျွန်တွေထဲမှာ ဇောင်းတော်ညိတ် စိတ်တော် အသိဆုံးပဲ။ ကိုင်း... ဟို ဘက်က ခစားတဲ့ ငရွှေစိုင်းကကော ငါကိုယ်တော်မြတ် အခု သုံးဆောင်တဲ့ ဘရန်ဒီကို ဘယ်လိုများ စာစီထားတာ ကြားဖူးသလဲ"




“တစ်ကျွန်းပါ၊ ဖြန်သူရာစည်ပေါက်ကယ်၊ မ[illegible]ို့ ဖမ်း၍ ဆိုပြီး စာတန်းစီထားတာ ကြားဖူးပါသည်ဘုရား...”

“အဲ... အဲ... မောင်မင်းကလည်း အတော်လာတဲ့လူ အတူ လော်တဲ့လာပဲ ဟဲ... ဟဲ...။ ကိုယ်တော်မြတ် ငယ်ကျွန်တော်တွေက တယ်ချွန်တဲ့လူတွေကိုး။ ကဲ ကဲ လူချွန် လူမွန်တွေကို ကိုယ်တော်မြတ်

ပညာစမ်းဦးမယ်..."

"စမ်းသပ်တော်မူပါဘုရား"

"အဟမ်း... အဟမ်း... မောင်ကောင်းစားတော့ နှမ မီးဖိုချောင် ဆိုတဲ့ စကားရှိတယ်မဟုတ်လား ငယ်ကျွန်ကြီးများရဲ့"

"ရှိကြောင်းပါဘုရား"

"အဲ... မောင်ကောင်းစား နှမ မီးဖိုချောင်ဆိုတဲ့ စကားရှိရင်... နှမ ကောင်းစားတော့ မောင် ဘာဖြစ်သလဲ၊ တစ်ယောက်စီတင်ကြစမ်း..."

မောင်ရွှေဝိုင်း...

"နှမ ကောင်းစားတော့၊ မောင်... မင်းသားကြီး ဖြစ်တာပေါ့ဘုရား"

"မောင်မင်းတင်ချက် တစ်စက်ကလေးမှ မမှန်ဘူး"

မောင်ရွှေဇျိုင်း...

"နှမ ကောင်းစားတော့၊ မောင်... တန်ခိုးထွားပါသည် ဘုရား..."

"မောင်မင်းလျှောက်ထားပုံက အကုန်လုံးလွဲသကွဲ့"

မောင်ရွှေတိုင်း...

"မောင် ကောင်းစားတော့ နှမ... မီးဖိုချောင်...။ နှမ ကောင်းစား တော့၊ မောင်... ထီးကို ဆောင်းပေါ့ ဘုရား"

"ဟဲ... ဟဲ... ဟဲ... ဟဲ မောင်မင်း လျှောက်တင်ချက်က ကိုယ် တော်မြတ်လိုလားချက်နဲ့ အကွက်တော်တော်ဝင်တယ်။ ဒါပေမဲ့ မမှန် သေးဘူး"

မောင်ရွှေမိုင်း...

"ကျွန်တော်မျိုးကြီး စဉ်းစားလို့ရပါပြီ ဘုရား။ သို့သော်လည်း လျှောက်တင်ရန် မဝံ့ပါဘုရား"

"ဘယ့်နှာကြောင့် လျှောက်တင်ရန် မဝံ့သတုံး ငယ်ကျွန်တော် ကြီးရဲ့..."

"ကျွန်တော်မျိုးက မီးဖိုချောင်နဲ့ ကာရန်နံဘောကိုက်တဲ့ စာတစ်ပိုဒ်ကို တိုက်တိုက်ဆိုင်ဆိုင် တွေးမိလို့ပါဘုရား..."

"အင်း... အင်း... မောင်မင်းက ပညာရှိပီပါပေတယ်။ သို့သော်ငါကိုယ်တော်မြတ်လိုလားချက်က... မောင်မင်းစဉ်းစားမိတဲ့ ကာရန်ကိုက်တဲ့ ညစ်ညစ်ညမ်းညမ်း စာပိုဒ်မဟုတ်ပါဘူး။ မီးဖိုချောင်ဆိုတော့ ညီးကိုယ်ရောင်ပေါ့ကွယ်... ကိုယ်တော်မြတ်ရဲ့ ဘုန်းတန်ခိုးဟာ တညီးညီးတပြောင်ပြောင် ထွန်းတောက်လာရတယ်လို့ အဓိပ္ပာယ်ရသပေါ့ကွယ်...၊ မဟုတ်ဘူးလား"

ရနောင် မောင်မောင်တုတ်သည် မိမိအဖြေကို မိမိသဘောကျပြီး တဟားဟား ရယ်လိုက်သောကြောင့် အနီးတွင် ခစားလျက်ရှိသော ငယ်ကျွန်တော်တစ်စုလည်း တစ်ဦးနှင့်တစ်ဦးကျိတ်၍ ပြောရင်း တသောသောဖြစ်နေကြလေသည်။

မောင်မောင်တုတ်သည် အားရအောင်ရယ်ပြီးနောက် ဘရန်ဒီကိုတစ်ကျိုက်၊ ကြက်ကြော်ကို တစ်ကိုက် ကိုက်ရင်း...

"နန်းမတော်စုဖုရားနဲ့ ငါကိုယ်တော်မြတ်ဟာ နို့စို့ဖက်ဖြစ်တော့မောင်နှမပဲ မဟုတ်လား... မောင်မင်း။ ခု နှမတော်ဘုရားက ရှေးဘုန်းရှေးကံ ရှေးပါရမီတော်ကြောင့် သီပေါအရှင်ဘုရားနဲ့ စုလျားရစ်ပတ်ပြီး မိဖုရားခေါင်ကြီးဖြစ်လာတော့ ဟောဒီက မောင်မောင်တုတ်တို့လည်း ရုံးတစ်လုံး ဓားတစ်စင်းနဲ့ ရနောင်မင်းသားဆိုပြီး ရေမြင့်တော့ ကြာတင့်ဆိုသလို ဖြစ်လာရတာပ မောင်မင်း" ဟု အလွန်အားရကျေနပ်သော အသံဖြင့် မိန့်တော်မူလိုက်သောကြောင့် လက်သုံးတော်ကြီး မောင်ရွှေမှိုင်းက...

"မှန်ပါတယ်ဘုရား...၊ ကိုယ်တော်မြတ်ကို အရှင်မိဖုရားခေါင်ကြီးနဲ့ ယောက်ဖတော် ဘဝရှင်မင်းတရားကြီးကပါ မြှောက်စားတော်မူပေတယ်။ ရတောင့်ရခဲတဲ့ ဘုရင့်နောင်ကျော်ထင်နော်ရထာ ဘွဲ့ကြီးကို

တောင် ပေးအပ်တော်မူပေတယ်။ ဒီလိုဘွဲ့မျိုးကို မြန်မာရာဇဝင်မှာ ဟံသာဝတီဆင်ဖြူရှင်တစ်ပါးသာ ရခဲ့ဖူးပါတယ်" ဟု လျှောက်ထားလိုက်သဖြင့် မောင်ရွှေဝိုင်းကလည်း အားကျမခံ...

"နိုင်ငံတော်မှာ အင်မတန်မှ တန်ခိုးထက်ပါတယ်ဆိုတဲ့ ကင်းဝန်မင်းကြီးရဲ့သေနတ်ဝန်ရာထူးကို ကိုယ်တော်မြတ်ကို လွှဲပြောင်းပြီး နှင်းအပ်တော်မူတာကိုပဲ စဉ်းစားကြည့်တော်မူပါဘုရား" ဟု သံတော်ဦးတင်၍ မပြီးမီ မောင်ရွှေဇျိုင်းက...

"ကိုယ်တော်မြတ်ဟာ ဘုရင်ကေရာဇ်နဲ့အတူ ကိုယ်တူပြုပြီး မြောက်စားခြင်းခံရသူပါဘုရား၊ ရွှေသလွန်တော် ရွှေမျက်နှာကြက်တော်နဲ့ စံနေခွင့်ပြုတယ်ဆိုတာ အင်မတန်မှ ထူးကဲတဲ့ အခွင့်အရေးကြီးပါဘုရား" ဟု လျှောက်တင်နေပြန်သဖြင့် မောင်ရွှေတိုင်းကလည်း...

"ကျွန်ရင်းအရှင်ရင်းမို့ ခပ်ရှင်းရှင်း လျှောက်တင်ရရင် ကျွန်တော်မျိုးတို့ ကိုယ်တော်ကြီးက ရှင်ဘုရင်ထက်သာတဲ့ အချက်တောင်ရှိပါတယ်ဘုရား" ဟု ရှေ့သို့တိုး၍ ခစားပြီး တင်လျှောက်လိုက်၏။

မောင်မောင်တုတ်က...

"ဘုရင်ထက်သာတဲ့ အချက်များ ငါကိုယ်တော်မြတ်မှာ ရှိသေးလို့လားကွဲ့ ငတိုင်းရဲ့"

"ရှိပါသည် ဘုရား..."

"ရှိရင် တင်လဟဲ့..."

"ဘုရင်က နန်းမတော်ဖုရား တစ်ပါးတည်းနှင့်သာ ခံစားတော်မူရပါတယ်။ ကျွန်တော်မျိုးတို့ ကိုယ်တော်ကြီးကတော့ နုနုထွတ်ထွတ်ကလေးတွေထဲကမှ အနုဆုံး အထွတ်ဆုံးကိုမှ ရွေးပြီး ပွဲတော်တည်နိုင်တဲ့ အချက်ဟာ..."

မောင်ရွှေတိုင်း၏ စကားမဆုံးမီ မောင်မောင်တုတ်က ဟက်ဟက်

ပက်ပက် ရယ်လိုက်ပြီး...

"အမယ်လေးဟဲ့ လူ၊ ကျုပ်က ဘုရင်ထက် ဘာများသာသလဲ ဆိုပြီး အဟုတ်မှတ်လို့ နားထောင်နေပါ။ လက်စသတ်တော့ မောင်မင်း မို့ ကြဲကြဲဖန်ဖန် လျှောက်တတ်ပလေတယ်။ ဒီကိစ္စက ကျုပ် ဝါသနာပါ လို့ မဟုတ်ပါဘူး မောင်မင်းများရဲ့၊ မိန်းမတွေ ကိုယ်တိုင်က ကျုပ်ကို ကြိုက်ကြိုက်နေကြတော့ ဟဲ... ဟဲ..."

"ကိုယ်တော်ကြီး ဝါသနာပါတော်မမူသော်လည်းပဲ ဒီဆေးကို နာနာဖိပြီး သုံးဆောင်တော်မူပါဘုရား။ ဒါမှ ကိုယ်တော်ကြီး သက်တော် ရာကျော်ရှည်ပါလိမ့်မယ် ဘုရား"

"ဟဲ့... ဟဲ့... ငရွှေမိုင်း၊ မောင်မင်းက ဒီဟာကို ဘယ့်နှယ်ကြောင့် အသက်ရှည်ဆေးလို့ ပြောရသတုံး"

"မှန်လှပါ၊ ကျွန်တော်မျိုးကြီးကျမ်းဂန်အရ လျှောက်ထားရ ခြင်းပါ"

"ဘယ်ကျမ်းဂန်က ဘယ်လိုဆိုသလဲ မောင်မင်း၊ ကိုယ်တော်မြတ် တော့ တစ်ခါမှ မကြားဖူးဘူး"

"နားဆင်ပါဘုရား၊ ခြောက်သော အမဲသားကို စားခြင်းလည်း ကောင်း၊ ကြီးရင့်ကုန်သော မိန်းမတို့၌ မေထုန်မှီဝဲခြင်းလည်းကောင်း၊ နသစ်သောနို့ခမ်းကိုလည်းကောင်း၊ နံနက်မိုးသောက်ကာလ၌ မေထုန် မှီဝဲခြင်း လည်းကောင်း၊ အိပ်ခြင်း လည်းကောင်း၊ ဤခြောက်ပါးသည် တစ်ခဏချင်းအားဖြင့် အသက်ကို ဖျက်ဆီးတတ်ကုန်၏လို့ ကျမ်းဂန် ပါဠိ လာရှိပါသည်ဘုရား"

"ဟဲ့... ဟဲ့... ငမိုင်း၊ မောင်မင်းကို အသက်ရှည်တဲ့ အကြောင်းတင် ပါဆိုတာ ဘယ့်နှယ့်ကြောင့် အသက်တိုတဲ့ အကြောင်းလျှောက်နေရ တာလဲ မောင်မင်း"

"လျှောက်ထားပါ့မယ်ဘုရား၊ ဆက်လက်၍ နာတော်မူပါ။ တစ်ခဏချင်းပေါ်သော အမဲသားကိုစားခြင်း လည်းကောင်း၊ အသစ်ဖြစ်သော ထမင်း လည်းကောင်း၊ နနယ်ပျို့မျစ်ငယ်ရှယ်သော မိန်းမ လည်းကောင်း၊ နို့ရည်ကို သောက်ခြင်း လည်းကောင်း၊ ထောပတ်ကို စားခြင်း လည်းကောင်း၊ ရေပူရေနွေး လည်းကောင်း၊ ဤခြောက်ပါးတို့သည် တစ်ခဏချင်းအားဖြင့် အသက်ရှည်ခြင်းကို ပြုတတ်၏လို့ စာဏကျနီတိမှာ လာရှိပါသည်ဘုရား"

"အင်း... အင်း မောင်မင်းက စာနဲ့ပေနဲ့ အကျိုးသင့်အကြောင်းသင့် လျှောက်ထားတော့ ငါကိုယ်တော်မြတ် လိုက်နာဖို့သင့်တာပ မောင်မင်း။ ဟိတောပဒေသကျမ်းပြု ဆရာကြီးကလည်း လူတို့၌ အသက်ရှည်လိုသော ကိစ္စ၊ ဥစ္စာရလိုသော ကိစ္စ၊ ဤနှစ်ကိစ္စသည် အလွန်အရေးကြီး၏လို့ မိန့်မှာထားတော်မူတယ်။ အဲဒီတော့ ဥစ္စာဆိုတာ ငါကိုယ်တော်မြတ်လို လျှမ်းလျှမ်းတောက် တန်ခိုးထွားတဲ့ မင်းသားကြီးအဖို့ ဘာမှ တောင့်တနေစရာ မလိုဘူး၊ အသက်ရှည်ဖို့အတွက်ပဲ အရေးကြီးတယ်။ ခုနက မောင်မင်းလျှောက်ထားတဲ့ အသက်ရှည်ကြောင်း အချက်ခြောက်ချက်အနက် တစ်ခုမှ ပျက်ကွက်လို့ မတော်ဘူး၊ ကဲ... ကဲ... ပြောနေကြာရှေ့မယ်၊ အသက်ရှည်ဆေးကလေး တစ်ခွက်သွားပြီး သုံးဆောင်လိုက်ဦးမယ်"

မောင်မောင်တုတ်က ရယ်ရွှန်းဖတ်ရွှန်း မိန့်တော်မူရင်း အတွင်းဆောင်သို့ဝင်ရောက် ပျောက်ကွယ်သွားသောကြောင့် ငယ်ကျွန်တော်တစ်စုလည်း အပြင်တွင် အပျိုစာရင်းကောက်လျက် ကျန်ရစ်ခဲ့ကြလေ၏ ။ ။

(၂)

"ကျုပ်တို့ ကိုယ်တော်ကြီးတော့ တစ်ချီတစ်ပွဲ နွှဲလိုက်ပြန်ပြီ ကိုရင်ဇျိုင်းရေ..."

အပြင်မှရောက်ရှိလာကြသော မောင်ရွှေဖျိုင်းတို့ လူသိုက်ကို မောင်ရွှေမှိုင်းက လှမ်း၍ ပြောလိုက်၏။ မောင်ရွှေဖျိုင်းက...

"ဒီတစ်ချီတော့ အနောက်ပြင်က တရုတ် ကပြားမကလေးနဲ့ တူတယ်"

"မဟုတ်ဘူး ကိုရင်ရေ..."

"ဒါဖြင့် တောင်ပြင်က ဆံရစ်ဝိုင်းကြီးနဲ့ တူတယ်"

"ဒါလည်း မဟုတ်ဘူး"

"နို့ ဘယ်သူတုံး"

"ကိုရင်က ဘယ်သူလို့ ထင်တုံး"

"ကျုပ်တို့ ကိုယ်တော်ကြီးအတွက် ဘယ်သူလို့ထင်ရမှာ ခက်သား ကလား ကိုရင်ရဲ့"

"ဒီတစ်ခါ ကိုယ်တော်ကြီး အစွမ်းကုန်ကြိုးလာတာနဲ့ တူတယ်၊ မင်းသမီးမထွေးလေးကို ကောက်တော်မူလာတယ်"

မောင်ရွှေဖျိုင်းနှင့်တကွ မောင်ရွှေတိုင်း၊ မောင်ရွှေဝိုင်းတို့ပါ မင်းသမီး မထွေးလေးဟူသော အမည်ကို ကြားလိုက်ရသောကြောင့် အံ့အားသင့်သွားကြသည်။

"ကျုပ်တို့ ကိုယ်တော်ကြီးကလည်း ဗျာ၊မင်းသမီးတွေပဲ ငှက်စာ ဆော်နေတော့တာပဲ။ ဟိုတစ်ခါကလည်း မင်းသမီးတစ်ယောက်ကို ဆင်နဲ့ အတင်းတင်ပြီး ခိုးလာတယ်"

မောင်ရွှေဖျိုင်းက ညည်းညည်းညူညူ ပြောလိုက်သဖြင့် မောင် ရွှေဝိုင်းက...

"ဘယ် မထွေးလေးလဲ၊ ကိန္နရာပျို အကကောင်းတဲ့ မထွေးလေး လား" ဟု မယုံသလို မေးလိုက်၏။

"အဲဒီမထွေးလေးမှ အစစ်ပေါ့ ကိုရင်ရေ၊ သူ့ခမျာ ဓာတ်ကနေ

ရင်း ဇာတ်စင်ပေါ်ကဆင်းပြီး လိုက်လာခဲ့ရတာ၊ အသက်ကလည်း ၁၄ နှစ်လောက်ပဲ ရှိသေးတယ်..."

မောင်ရွှေမှိုင်းက သူနှင့် ရနှောင် မောင်မောင်တုတ်တို့ မထွေးလေးကို သွားရောက်သိမ်းပိုက်ပုံကို ပြောပြလိုက်ပြီး...

"မထွေးလေးဟာ အင်မတန်တော်တဲ့ မင်းသမီး၊ အကကောင်း၊ အဆိုကောင်း၊ အငိုကောင်း။ ဆိုတဲ့ ငိုတဲ့၊ ပြောတဲ့အခါမှာလည်း ဟန်အမူအရာနဲ့ချည်းပဲ ဆိုတယ်၊ ငိုတယ်၊ ပြောတယ်။ သူ့ရင်ကလေးဟာ အမြဲချီထားပြီး အဲဒီရင်ချီနေတဲ့ ဟန်ကိုက တစ်မျိုးလှတယ်။ ဒါဟာ သူ့ကိုယ်ပိုင်ဟန်ပဲ။ မထွေးလေးရဲ့ လှုပ်ပုံ ရှားပုံ ကပုံကို ကြည့်ရင် ကြိုးဆွဲမင်းသမီး ရုပ်ကလေးနဲ့ တူတယ်လို့ ရုတ်တရက် ထင်ရမယ်။ ဒါပေမဲ့ သေသေချာချာကြည့်ရင် အရုပ်ဟန်မျိုး မဟုတ်ဘူး။ မထွေးလေးရဲ့ ကိုယ်ပိုင်ဟန် အမူအရာသာ ဖြစ်တယ်"

မောင်ရွှေပိုင်းက...

"ဟုတ်တယ်၊ ကျုပ်လည်း ကြည့်ဖူးတယ်။ မထွေးလေးဟာ လွမ်းခန်းမှာဆိုရင် စကားနဲ့ လွမ်းတယ်။ ပြောငိုနဲ့ လွမ်းတယ်။ ငိုချင်းနဲ့ လွမ်းတယ်။ လင်နဲ့ကွဲလို့ လွမ်းတဲ့ နေရာကျတော့ ပြောငိုခြေဆင်းတစ်ပုဒ်ဆိုပြီးမှ လွမ်းတယ်။ သူဆိုတဲ့ ခြေဆင်းက..."

မောင်ရွှေဖျိုင်း...

"ကဲ... ရရင်လည်း ဆိုပြစမ်းပါဦး"

"ဆိုပြမလို့ပဲ၊ ခပ်မေ့မေ့ဖြစ်နေလို့၊ အဲ... အဲ... ရပြီ၊ ရပြီ၊ မေကညာ မေးကာမစက်နိုင်ဘု၊ လင်ရတနာတစ်ဖေ ဝေးကွာတဲ့ အချက်ရယ်ကြောင့်၊ အဆွေးဗျာပါတွေ ဖက်ပါလို့ ရတက်ပွေလှိုင်၊ မေးခါကမစက်နိုင်ဘု မျက်ရည်တွေအိုင်။ ။ ကတောင်ခြောက်ကယ်နဲ့၊ တောင်မြောက် သည်မယ် မျှော်လို့၊ နေဝင်ကျော် အချိန်ကျရင်လ၊ နှစ်လီပြိုင် မျက်ရည်ကသာ

ကျမိပါတော့၊ မှန်းဆ ခုမျှော်ပါသ ကိုနော်ရှင်၊ တမ်းတခုသော်။ ။ မငိုပေါင် ကြိတ်ကာခဲပေမဲ့ ဗဟိုဆောင်ရိပ်ကြာထဲမှလ၊ နှစ်လိပ်ပြာခွဲခဲ့ရတာက အပျို့အပျိုမော်၊ သို့ကလိုနော်ရှင့် အဆောင်ဆောင်ကြွင်နှမ်း၊ အစ်ကို့အစ်ကိုရယ်လို့ ခေါ်မိပါသတော့ ကယောင်ကယမ်း။ ။ မှန်းဆကာမျှော်၊ တမ်းတတဲ့ သူတော်မပေါ်လာလို့၊ တစ်သော်တာ မျှော်ရှာသည့်အရေးရယ်နှင့်၊ ဇော်ကညာမှာရှင်၊ လျော့စွာနှင့်ဖြင့် မအေးနိုင်ဘု၊ အိုဖော်ကွာဝေးသူမို့၊ ဆွေးပူလိမ့်မယ်၊ မြင်တော်လာစမ်းပါလှည့်၊ နန်းနေညွှန့်နွယ်လို့... ခြေဆင်းတစ်ခုခုကို ပိုင်ပိုင်ကြီးဆိုပြီးမှ ဖော်ကွာဆေးကို ကောက်ပြီး ဆိုတတ်တယ်၊ ဒါဟာ မထွေးလေးရဲ့ ကိုယ်ပိုင်ဆိုဟန်ပဲ ကိုရင်ရဲ့"

မောင်ရွှေမှိုင်း...

"ကိန္နရာပျံ့အကမှာတော့ မထွေးလေးကို မီမယ့်မင်းသမီး ခုလည်းမရှိ နောင်လည်း ရှိမယ်လို့ မထင်ဘူး...။ တချို့မင်းသမီးတွေ ကိန္နရာပျံကတယ်ဆိုတာ လက်ဝါးခါပြီး ပြနေတာပဲ။ အင်မတန်တော်တဲ့ မင်းသမီးမှ ကိန္နရာအဆင်းလောက်ပဲ ကတတ်တယ်။ မထွေးလေးကျတော့ ကိန္နရာပျံကိုကတယ်၊ အပေါ်ကို ပျံတက်ခါနီး အတောင်ကို အရှိန်ယူပုံ ခတ်ပုံဟာ အင်မတန် အချိုးကျတော့ ကြည့်လို့ကို မဝအောင် ဖြစ်မိတယ်။ ဇာတ်သေတ္တာ ၂ လုံးဆင့်ထားတဲ့ အမြင့်လောက်ရောက်အောင်ကို ကိန္နရာကိုပျံ့ခဲ့ပြီး ကတယ်"

မောင်ရွှေတိုင်း...

"ဒီလောက် အကတော်တဲ့မင်းသမီးကို ကျုပ်တို့ ကိုယ်တော်ကြီးက ကောက်တော်မူလိုက်တော့ ပွဲကြည့်ပရိသတ်အတွက် အများကြီးနစ်နာသွားတာပေါ့ ကိုရင်ရဲ့..."

မောင်ရွှေမှိုင်း...

"ဟုတ်တယ်၊ ကျုပ်တို့ ကိုယ်တော်ကြီးလည်း ကျုပ်တို့ရောင်းရင်း

တို့က အရှင်ကောင်း ကျွန်ပီပီသတိ တရားကလေးရှိလာအောင် ဝိုင်းဝန်း လျှောက်ထားကြဦးမှ နေရာကျလိမ့်ထင်တယ်။ သီပေါကိုယ်တော်ကြီးနဲ့ ဒိုင်းခင်ခင်တို့ တိတ်တဆိတ်ရည်ငံနေတဲ့ ကိစ္စမှာလည်း ကျုပ်တို့ ကိုယ် တော်ကြီးကြားက ကန့်လန့်ကန့်လန့်နဲ့ ပါနေတယ်လို့ နားစွန်နားဖျား ကြားရတယ်။ ဒီအကြောင်းသာ ထိပ်စုဖုရား သိတော်မူရင် ကျုပ်တို့ ကိုယ်တော်ကြီးလည်း ချမ်းသာပေးမယ် မထင်ဘူး။ ကဲ... ကဲ... ကိုယ် တော်ကြီးဆီ အခစားဝင်ကြရအောင်..."

## (၃)

"ငါကိုယ်တော်မြတ် ဟိမဝန္တာတောထဲက ကိန္နရီမယ်ကလေး ဖမ်းမိလာတယ် မောင်မင်းများ"

ရနောင်မောင်မောင်တုတ်သည် သလွန်ခြေရင်းတွင် ကျုံ့ကျုံ့ ကလေး ခစားလျက်ရှိသော မထွေးလေးကို ရွှန်းရွှန်းစားစား ကြည့်ရင်း ငယ်ကျွန်တော်များအား အသောဖောက်၍ မိန့်တော်မူလိုက်၏။

ခါတိုင်း နှုတ်သွက်နေကျ ငယ်ကျွန်တော်များသည် "မှန်ပါ့ ဘုရား" တစ်ခွန်းတည်းနှင့် ငြိမ်သက်စွာ ခစားလျက်ရှိကြသည်။

"ငါကိုယ်တော်မြတ်ရဲ့ ကြင်ရာတော်အသစ် စက်စက်ကလေးက တယ်ချော တယ်လှပြီး တယ်လည်း အသံကောင်းတယ် မောင်မင်းများ"

"မှန်ပါ့ဘုရား"

ငြိမ်သက်ပုံထူးနေသော ငယ်ကျွန်တော်လေးဦးကို ရနောင်ကိုယ် တော်ကြီးသည် ဈေးစိုက်၍ ရှုစားလိုက်ပြီး...

"ဟဲ့... ငရွှေမှိုင်း၊ ဒီကနေ့ မောင်မင်းတို့တစ်တွေ ဘာများ ဖြစ်နေ ကြတာလဲ။ ငါကိုယ်တော်မြတ် ကြင်ရာအသစ် စက်စက်နဲ့ စံတော်မူ တာကို မောင်မင်းတို့ မပျော်ကြဘူးလား"

"ပျော်ကြောင်းပါ ဘုရား"

"ငရွှေဖျိုင်းတို့ ငရွှေဝိုင်းတို့ကော"

"ပျော်ကြောင်းပါ ဘုရား"

"မောင်မင်းတို့က ပျော်တယ်သာဆိုတယ်၊ မောင်မင်းတို့ မျက်နှာကြည့်ရတာ ခါတိုင်းနေ့နဲ့မတူ တစ်မူထူးလို့ နေပါကလား မောင်မင်း"

မောင်ရွှေမှိုင်း

"ကိုယ်တော်ကြီးဘုရား ကြင်ရာတော် အသစ်စက်စက်နဲ့ ရွှေလည်တွဲဖက်ရသည့်နေ့မို့ ကျွန်တော်မျိုးကြီးများ အလွန်ပျော်ကြကြောင်းပါဘုရား။ ဤကဲ့သို့ အလွန်ပျော်နေကြသဖြင့် လျှောက်ထားစရာ စကားစပင် ရှာ၍ မတွေ့နိုင်အောင် ဖြစ်ကြရပါသည် ဘုရား"

"ကဲ... ငယ်ကျွန်တော်ကြီးများ၊ စကားစ ရှာမတွေ့ဖြစ်နေကြရင် ရှာတွေ့အောင် ကိုယ်တော်မြတ်က စီမံတော်မူမယ်။ ကဲ... ကြင်ရာတော် ပူပူနွေးနွေးကလေးက တျာချင်း တစ်ပုဒ်လောက်ဆိုပြစမ်းပါဦး"

"မဆိုပါရစေနဲ့ ကိုယ်တော်ကြီးဘုရား"

မထွေးလေးသည် ရစ်ဝဲနေသော မျက်ရည်ကို ပဝါနှင့်တို့ရင်း လျှောက်တင်လိုက်၏။ မောင်မောင်တုတ်က တဟဲဟဲရယ်ပြီး...

"မောင်ကြီးက ကြားချင်လို့ ဆိုခိုင်းတာပါ ထွေးထွေးရဲ့။ ဇာတ်စင်ပေါ်မှာတောင် ကနေ၊ ဆိုနေခဲ့တာ ဆိုလိုက်စမ်းပါဗျာ..."

"မဆိုပါရစေနဲ့ ကိုယ်တော်ကြီးဘုရား"

မထွေးလေးက ရနောင်မောင်မောင်တုတ်၏ ခြေကို ဦးခိုက်ကာ တုန်ယင်စွာ လျှောက်ထား အသနားခံပြန်သည်။

မောင်မောင်တုတ်သည် နှစ်ကြိမ်တိုင်တိုင် မိမိအမိန့်ကို အာခံ၍ ပြန်လှန် လျှောက်ထားနေသော မထွေးလေး၏ မျက်နှာကို တံတွေးနှင့်ထွီခနဲ တစ်ချက်ထွေးလိုက်ပြီး အတွင်းဆောင်သို့ သုန်မှုန်စွာ ကြွချီသွား

လေသည်။ ။

## (၄)

မိမိတို့ အရှင်သခင်ကို လက်ပြန်ကြိုးတုပ်၍ အဆောင်တော်ထဲမှ ဆွဲထုတ်သွားသည်ကို မြင်လိုက်ကြရသော ငယ်ကျွန်တော်ကြီးလေးဦး သည် မှင်တက်မိသလို ငေးငိုင်၍နေမိကြပြီးမှ ရနောင်ကိုယ်တော်ကြီး အတွက် ရာဇဝတ်တော်ပေါ်လေပြီဟု တွက်ချက်မိသည့်အတိုင်း အိမ် တော်မှ အသီးသီးရုပ်ဖျောက်၍ စနည်းနာထွက်ခဲ့ကြလေ၏။

"သီပေါမင်းတရားနဲ့ ဒိုင်းခင်ခင်တို့ အဆက်ဖြစ်လို့ မကြာခင်ပဲ ဒီအကြောင်းကို မိဖုရားသိပါလေရော။ သိတာနဲ့ တစ်ပြိုင်နက် ဒိုင်းခင်ခင် နဲ့ ဆွေမျိုးတွေ ရာဇဝတ်သင့်ကုန်ပြီး မောင်ဖေငယ်လည်း ဇန်းမော်မှာ အသတ်ခံရတယ်ဆိုတာ ရောင်းရင်း သိပြီးတဲ့အတိုင်းပဲ။ ဒိုင်းခင်ခင်အိမ် မှာ မိဖုရားကြီးရဲ့ လူယုံတော် သံတော်ဆင့် မောင်စံပုံက ပစ္စည်းတွေ သွားသိမ်းတော့ ဒိုင်းခင်ခင်ရဲ့ သေတ္တာထဲက သီပေါမင်းတရားဆီပေး တဲ့ တေးထပ် လက်ခံတစ်စောင်ရတယ်။ အဲဒီတေးထပ်ကလည်း မောင် ဖေငယ်ရေးပေးတဲ့ တေးထပ်ကိုး။ ဒါကြောင့် သူတို့နှစ်ယောက်စလုံး အသတ်ခံရတာ၊ သူတို့နှစ်ယောက် သေပြီးတဲ့နောက် ကျုပ်တို့ ရနောင် ကိုယ်တော်ကြီးအလှည့် ရောက်လာတော့တာပါပဲ"

မောင်ရွှေမှိုင်းက စနည်းနာ၍ရလာသမျှ ပြန်ပြောသည်ကို ကျန် သုံးယောက်က ဝိုင်း၍ နားထောင်နေကြ၏။

နေရာကား ရတနာပုံမြို့တော်နှင့် အတော်ပင် အလှမ်းကွာ လူသူ အရောက်အပေါက်နည်းသော ချင်းရွာကလေး တစ်ရွာဖြစ်၏။

"ခင်ခင်ကြီးတို့ မောင်ဖေငယ်တို့ ကိစ္စပြီးတော့ မိဖုရားကြီးက ရေကြည်ရွာစား မိန်းမစိုး ငဖီကို ခေါ်ပြီး သီပေါမင်းတရားနဲ့ ခင်ခင်ကြီး

ကို ဘယ်သူက ဆက်သွယ်ပေးသလဲလို့ မေးတော့ ငဖီကလည်း သူသိတဲ့ အတိုင်း ကျုပ်တို့ ကိုယ်တော်ကြီးက ဆက်သွယ်ပေးတယ်လို့ လျှောက် တာပေါ့။ ဒီတော့ မိဖုရားကြီးက ငါနဲ့ နို့စို့ဖက်ဖြစ်ရက်နဲ့ ငါ့အပေါ်မှာ ထောက်ထားမှုမရှိဘူးလို့ မိန့်တော်မူသတဲ့။ အဲဒီတော့ အချက်သိပြီးသား တိုင်တားမင်းကြီးက ရွှေလှန်မြို့ဝန် မောင်ချက်မရှိဘူးလားလို့ မေးလိုက် တယ်။ မကြာခင်ပဲ ကျုပ်တို့ ကိုယ်တော်ကြီးကို လက်ပြန်ကြိုးတုပ်ပြီး အဆောင်တော်က ဆွဲထုတ်သွားကြတာ ကျုပ်တို့ မြင်လိုက်ရတယ် မဟုတ်လား။ အဲ... နောက်တော့ ထောင်ထဲရောက်သွားတော့တာပါပဲ။ ထောင်ထဲရောက်တော့ ခြေချင်းခတ်ထားသေးတယ်။ နောက်တော့ မိဖုရားကြီး စိတ်ပြေလို့ ပြန်လွှတ်ရင် မသက်သာဘူးဆိုပြီး ဖျောက်ဖျက် ပစ်လိုက်ကြတာပါပဲ"

"ဒါနဲ့ ကျုပ်တို့ ကိုယ်တော်ကြီး သူ့ဟာ သူ ကတ်ကြေးနဲ့ ထိုး သတ်ပြီး သေတယ်ဆို"

"မဟုတ်ပါဘူး၊ ဒါက မင်းတရားကြီးနဲ့ မိဖုရားကြီးတို့ကို လျှောက် လို့ကောင်းအောင် ပြောတာ"

"အင်း... ကျုပ်တို့ ကိုယ်တော်ကြီးကလည်း မိဖုရားကြီးနဲ့ နို့စို့ ဖက်ဆိုတော့ ဒီလိုမဖြစ်နိုင်ဘူးဆိုပြီး လုပ်တော့ နောက်ဆုံး ဒုက္ခတွေ့ရ တာပေါ့လေ"

မောင်ရွှေမှိုင်းက ခပ်လေးလေး ပြောရင်း သက်ပြင်းတစ်ချက်ချ လိုက်၏။ သူနှင့် ရောင်းရင်း သုံးယောက်တို့သည် အခြားသူများအပေါ် တွင် ဆိုးခဲ့သော်လည်း သူတို့အပေါ်တွင် ကောင်းခဲ့သော ရနောင်ကိုယ် တော်ကြီးအတွက် ကောင်းရာသုဂတိသို့ လားစေရန် ဆုတောင်းလိုက် ကြလေသည်။ ။

မြဝတီ၊ အောက်တိုဘာ၊ ၁၉၆၀။

❐